# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၈၀]


**မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား**

**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ "သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။" (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတင်ကျင်းပမည့်ရက်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

(ကြေညာချက်အမှတ်၊ ၂/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတင်ကျင်းပမည့်ရက်ကြေညာခြင်း**

၁။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတအနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်ရန် စတင်ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့တို့အကြား လက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ ၎င်းသဘောတူစာချုပ်ပါ ကတိကဝတ်များအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရန်အတွက် အခြေခံရမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (The Framework for Political Dialogue) ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရေးဆွဲပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၃။ ၎င်းမူဘောင်ကိုအခြေခံ၍ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေး စတင်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် စတင်ကျင်းပရန် ကြေညာလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ချင်းပြည်နယ် – မီဇိုရမ်နယ်စပ်၌ တရားမဝင်ကုန်ပစ္စည်းသယ်ပို့နိုင်မည့် ရှောင်ကွင်းလမ်း ၁၅ ခုနီးပါးရှိ

အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်ရေး ဒေသနှစ်ခုဖြစ်သော ချင်းပြည်နယ် ရိဒ်နှင့် ထန်တလန်မှတစ်ဆင့် နှစ်နိုင်ငံမှ တရားဝင်ကုန်သွယ်ရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေသည့် တစ်ချိန်တည်း၌ နယ်စပ်တရားမဝင်လမ်းကြောင်းကိုအသုံးပြုပြီး ကုန်စည်များ ကူးသန်းရောင်းဝယ်နေသူ အများအပြားရှိနေကြဆဲဖြစ်ကြောင်း လေ့လာသိရှိရသည်။

လက်ရှိ ချင်းပြည်နယ်နှင့် မီဇိုရမ်ပြည်နယ် နယ်စပ်ဒေသတစ်လျှောက်တွင် တရားမဝင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးလမ်းကြောင်း အနည်းဆုံး ၁၅ ခုခန့်ရှိနေပြီး ယင်းလမ်းကြောင်းမှတစ်ဆင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်လျက်ကြောင်း မီဇိုရမ်ပြည်နယ် ပို့ကုန်လုပ်ငန်းကော်မရှင်နာ စီးလားဇီးလျံနာက ပြောသည်။

အဆိုပါဒေသနှစ်ခု၏နယ်နိမိတ်ထိစပ်မှုသည် ကီလိုမီတာပေါင်း ၅၁၀ ခန့်ရှည်လျားပြီး ယင်းတွင် နယ်စပ်ခြံစည်းရိုးခတ်ထားခြင်းမရှိကြောင်း၎င်းက ဆက်ပြောသည်။

ယခုကဲ့သို့ တရားမဝင်လမ်းကြောင်းများရှိနေခြင်းသည် လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါး၊ အများပြည်သူစားသုံးရန်မသင့်သောပစ္စည်းများ စသည့်အကောက်ခွန်မဲ့ပစ္စည်းများ သယ်ယူပို့ဆောင်မှုပိုများစေသည်ဟု ဇိုခွာထာ ကုန်းမြေအကောက်ခွန်ဆိုင်ရာဌာနမှ တာဝန်ရှိသူ ဦးအနာလ်က ပြောသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း(မင်းတပ်)က ချင်းပြည်နယ်အတွင်း ထွက်ကုန်များသည် တရားမဝင်နည်းလမ်းဖြင့် အခွန်အခမရှိဘဲ နှစ်စဉ်တင်ပို့ရောင်းချနေကြသည့်အတွက် နိုင်ငံတော်နှင့် ချင်းပြည်နယ်အစိုးရအနေဖြင့် ဘဏ္ဍာငွေ ဆုံးရှုံးစေသည်ဟုဆိုသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ✻




ရိဒ်ကုန်သွယ်ရေးစခန်းအနီး ရှောင်ကွင်းလမ်းတစ်ခုဖြစ်သည့် တီအိုချောင်းတစ်နေရာကို တွေ့ရစဉ်။




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## မြို့ပြလေထုနှင့်ပြည်သူ့ကျန်းမာရေး

ကျွန်ုပ်တို့လူသားများသည် ကမ္ဘာကြီးအတွင်းကန့်သတ်ချက်ရှိသော အရင်းအမြစ်များနှင့် ရပ်တည်နေထိုင်လျက်ရှိကြပေသည်။ ကန့်သတ်ချက်ရှိသော အရင်းအမြစ်များကို ကျော်လွန်သုံးစွဲလာသည်နှင့်အမျှ ဘေးဥပဒ်အန္တရာယ်များနှင့်ရင်ဆိုင်လာကြရသည်။ မြေထုအတွင်းမှ သယံဇာတအရင်းအမြစ်များ အလွန်အကျွံထုတ်ယူခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများရှိလာသည်။

ရေထုအတွင်းမှငါးသယံဇာတများ အလွန်အကျွံ ဖမ်းယူနေမှုကြောင့်ငါးရှားပါးသည့် ပြဿနာနှင့်ရင်ဆိုင်နေရသကဲ့သို့ လေထုအတွင်း ကာဗွန်ထုတ်လွှတ်မှုများပြားလာ၍ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာလျက်ရှိသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံမြို့တော်များ၌ လေထုညစ်ညမ်းမှု(Air Pollution)ကို အဆိုးရွားဆုံးအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း မကြာသေးမီကနိုင်ငံတကာသတင်းများမှတစ်ဆင့် သိရသည်။ ပေကျင်းမြို့အပါအဝင် တရုတ်မြောက်ပိုင်းမြို့ကြီး ၁၀ မြို့တွင် အဆိုးရွားဆုံး လေထုညစ်ညမ်းမှုများဖြစ်ပေါ်လျက်ရှိသည်။ ထို့အတူ ကမ္ဘာ့လေထုအညစ်ညမ်းဆုံးမြို့ကြီး ၂၀ အနက် ၁၃ မြို့မှာ အိန္ဒိယနိုင်ငံတွင် တည်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားသည်။

လေထုညစ်ညမ်းရခြင်း၏ အဓိကအကြောင်းအရင်းသည် လေထုအတွင်းကာဗွန်ထုတ်လွှတ်မှု များပြားလာခြင်း၊ လူဦးရေထူထပ်စွာ နေထိုင်လာခြင်း၊ ယာဉ်သုံးစွဲမှုများပြားခြင်းတို့ကြောင့်ဖြစ်ကြောင်း သုတေသီတို့ကဆိုပါသည်။ လေထုညစ်ညမ်းမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးအဖြစ် ကျန်းမာရေးပြဿနာများနှင့်ရင်ဆိုင်လာရသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် ကင်ဆာကဲ့သို့သောရောဂါများ ဖြစ်ပွားမှုများပြားလာကြောင်း သိရပေသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့သည် လူဦးရေခုနစ်သန်းကျော်နေထိုင်ပြီး ယာဉ်စီးရေသုံးသိန်းခန့်သုံးစွဲနေကြောင်း သိရသည်။ ယခုအခါရန်ကုန်မြို့၏ ရာသီဥတုသည် လွန်ခဲ့သော ဆယ်စုနှစ်ကနှင့် နှိုင်းစာလျှင် လွန်စွာကွာခြားသွားပြီဖြစ်သည်။ ဆောင်းအခါ ဆီးနှင်းကျဆင်းမှုနည်းပါးလာသည်။ မိုးအခါမုတ်သုံအဝင်နောက်ကျပြီး မိုးရွာသွန်းမှု လျော့ပါးလာသည်။ နွေအခါတွင်လည်း ပို၍ပူပြင်းလာသည်။

ထို့ကြောင့်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယခု ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းက လေထုအရည်အသွေး စစ်ဆေးရေးစက်များ တပ်ဆင်စစ်ဆေးလျက်ရှိသည်။ လေထုအရည်အသွေး အညွှန်းကိန်း(Air Quality Index) ၅၀ ကျော်လျှင် လေထုညစ်ညမ်းမှု စတင်ဖြစ်ပွားသည်ဟု ပညာရှင်တို့က ဆိုပါသည်။

သို့ဖြစ်၍ မြို့ပြလေထုအရည်အသွေးသည် ပြည်သူများ၏ ကျန်းမာရေးနှင့်ဆက်စပ်နေခြင်းကြောင့် ရန်ကုန်မြို့သာမက လူဦးရေထူထပ်သော မြို့ကြီးများ၌ လေထုအရည်အသွေး ထိန်းသိမ်းရေးကို အစီအမံများ ချမှတ်ကာ အလေးအနက်ထား ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |




## ရွှေ့ပြောင်းသွားလာသူများကျန်းမာရေးမြှင့်တင်ရန် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကျန်းမာရေးဝန်ကြီးဌာနနှင့် International Organization for Migration (IOM) အဖွဲ့တို့ ပူးပေါင်းကျင်းပသော ရွှေ့ပြောင်းသွားလာသူများ ကျန်းမာရေးအဆင့်မြှင့်တင်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က နေပြည်တော်ရှိ မင်္ဂလာဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ရွှေ့ပြောင်းသွားလာသူများ ကျန်းမာရေးအဆင့်မြှင့်တင်ရေးသည် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဖော်ဆောင်ရာတွင် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါ ရွှေ့ပြောင်း သွားလာနေထိုင်သူများ၏ ကျန်းမာရေးသတင်းအချက်အလက်နှင့်ပတ်သက်၍ လိုအပ်ချက်များရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်မြို့ပြဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးအသုံးစရိတ် ပိုမိုတိုးမြှင့်သုံးစွဲပြီး ကျန်းမာရေးအဆင့်အတန်း မြှင့်တင်လျက်ရှိကြောင်း၊ လက်ရှိတွင် ရွှေ့ပြောင်းသွားလာသူများ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဥပဒေ၊ မူဘောင်များမရှိသေးသော်လည်း သက်ဆိုင်ရာနီးနွယ်ဌာနများမှ ကဏ္ဍအလိုက် ကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအသိပညာ ပြန့်ပွားရေးများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါရွှေ့ပြောင်းသွားလာသူများ ကျန်းမာရေးအဆင့်မြှင့်တင်ရန် စနစ်တစ်ရပ်ပေါ်ပေါက်လာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာသော တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် ကျန်းမာရေး အဆင့်မြှင့်တင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## အောင်မင်္ဂလာ(၂)ကုန်စုံဈေးအတွင်း ရေလောင်းအိမ်သာ ဆောက်လုပ်ပေးစေလို

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့၌ တစ်ခုတည်းအားထားရသော အောင်မင်္ဂလာ(၂)ကုန်စုံဈေးကို မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ သန့်ရှင်းလှပရေး၊ ကျန်းမာရေးနှင့်ညီညွတ်စေရေးရည်ရွယ်လျက် ချောင်းငယ်ရပ်၊ ကမ်းနားလမ်းတွင် RC ကွန်ကရစ်ဈေးအဖြစ် River-9 ကုမ္ပဏီမှ ဆောက်လုပ်ခဲ့ပြီး ဇွန်လဆန်းကတည်းက ဖွင့်လှစ်ခဲ့သောကြောင့် ဒေသခံများအတွက် ဈေးရောင်းဝယ်မှု အဆင်ပြေခဲ့သည်။

ယင်းဈေး၌ ဆိုင်ခန်းပေါင်း ၁၂၀ ရှိရာ မူလပိုင်ရှင်အခန်း ၁၀၀ ကို အခမဲ့ပြန်လည်ပေးအပ်ပြီး အပိုအခန်း ၂၀ အနက် ငါးခန်းကို ယင်းကုမ္ပဏီထံအခမဲ့နှင့် ကျန် ၁၅ ခန်းကို တစ်ခန်းလျှင်(တစ်သိန်းခွဲ)




**ထင်သာမြင်သာပြုပြင်စရာ**

နှုန်းဖြင့် အရစ်ကျစနစ်ဖြင့်ရောင်းချခဲ့ကြောင်း၊ ယင်းအရစ်ကျရောင်းရငွေဖြင့် ဈေးအတွင်း ရေလောင်းအိမ်သာ ဆောက်လုပ်ပေးမည်ဟု ဈေးကော်မတီမှ တာဝန်ယူထားကြောင်း ဈေးတွင်း နေ့စဉ်ဈေးရောင်းနေသူ တစ်ဦးက ပြောသည်။

ယခုအချိန်အထိ ဈေးအတွင်း ဈေးရောင်း/ဈေးဝယ်မှု အဆင်ပြေသော်လည်း ကျန်းမာရေးရှုထောင့်အရ အခက်အခဲများရှိသဖြင့် ၎င်းအောင်မင်္ဂလာဈေးအတွင်း ဈေးသူ/သားများနှင့်တကွ ရပ်ဝေးမှ လာရောက်ကြသည့် ဈေးဝယ်/ ဈေးရောင်းသူများအတွက် ရေလောင်းအိမ်သာ အမြန်စီစဉ်ပေးရန် ဈေးသူ/ဈေးသားများက လိုလားလျက်ရှိကြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်း ကွန်ပျူတာသင်တန်းဖွင့်

**ကျောင်းကုန်း ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း ကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျေးလက်ဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ကျေးလက်လူငယ် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး ဒီဇင်ဘာ ၃၀ ရက်အထိ ၁၅ ရက် ပို့ချလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ဟိုပင်၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိ

**ဟိုပင် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့သို့ မိုင် ၂၀ ခန့်ကွာဝေးသော မိုးညှင်းမြို့ရှိ (၆၆/၁၁)ကေဗွီ ငါးအမ်ဗွီအေ ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားရာမှ ဗို့အားပြည့်မီစေရန်အတွက် ဟိုပင်မြို့တွင် (၃၃/၁၁)ကေဗွီ ငါးအမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှတည်ဆောက်ပေးခဲ့သည်။ ထိုသို့အသစ်တည်ဆောက်ခဲ့သော ဟိုပင်ဓာတ်အားခွဲရုံမှ ဒီဇင်ဘာ ၁၆ ရက်မှစ၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ဗို့အားပြည့်ဝစွာသုံးစွဲနိုင်၍ ဟိုပင်မြို့နေ ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**တိုးတိုးမေ (ဟိုပင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၉.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၇.၆၃ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၃၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆.၀၄ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန် စတန်းဖို့တက္ကသိုလ်မှ ပါမောက္ခဒန်အန်ကြူ ဦးဆောင်သည့် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ သင်တန်းသား သင်တန်းသူများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံ စတန်းဖို့တက္ကသိုလ်မှ ပါမောက္ခ ဒန်အန်ကြူ ဦးဆောင်သည့် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းသား၊ သင်တန်းသူများအား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် လာရောက်ဂါရဝပြုတွေ့ဆုံသည့် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ သင်တန်းသား သင်တန်းသူများက မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ မေးမြန်းမှုများကို နိုင်ငံတော်သမ္မတက ရှင်းလင်းဖြေကြားသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်၊ ဦးဇေယျာအောင်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ရွေးကောက်ပွဲလွန်ကာလ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြင်သစ်နိုင်ငံ အမျိုးသားလွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ မစ္စစ် အဲလိဇဘက် ဂီဂူ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ရွေးကောက်ပွဲလွန်ကာလ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှု အခြေအနေများကို ဆွေးနွေးကြသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် မစ္စစ် အဲလိဇဘက် ဂီဂူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး မစ္စတာ အိုလီဘာရစ်ချက်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံ အမျိုးသားလွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ မစ္စစ် အဲလိဇဘက် ဂီဂူ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၂၃/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)**

**ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)မှ အင်္ဂပူမြို့နယ်၌ ကွန်ကရစ်လမ်းခင်းဆောင်ရွက်

**အင်္ဂပူ ဒီဇင်ဘာ ၁၈**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ဝက်သေကျေးရွာ၌ ဒီဇင်ဘာ ၁၇ ရက်က ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ILO က အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးစီမံချက်အရ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံချက်အရ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ငွေကျပ်သိန်း ၂၄၀ ခန့်ဖြင့် လမ်းအရှည် ပေ ၅၀၀၀၊ အကျယ်လေးပေနှင့် ထုသုံးလက်မရှိ ကွန်ကရစ်လမ်းကို ဒေသခံပြည်သူများဖြင့်ဆောင်ရွက်ခဲ့ကြရာ ယင်းစီမံချက်လုပ်ငန်းမှ ဒေသခံပြည်သူများ၏ နည်းပညာနှင့် လုပ်အားတန်ဖိုးအတွက် ငွေကျပ် ၆၂ သိန်းခန့် ရရှိခဲ့ကြောင်း သိရသည်။ **မန်းကျော်(အင်္ဂပူ)**

## ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်း ပြပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ကျောင်းသား ကျောင်းသူများနှင့် သိပ္ပံပညာရပ်ကိုစိတ်ပါဝင်စားသော ပြည်သူများအတွင်း အသိပညာပြန့်ပွားလာစေရန်ရည်ရွယ်ကာ ရန်ကုန်တက္ကသိုလ်သိပ္ပံပွဲခင်း ၂၀၁၅ ပြပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ မြေညီထပ်၌ကျင်းပသည်။

ရှေးဦးစွာ သိပ္ပံပွဲခင်းပြပွဲကို အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ရန်ကုန်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာ/သိပ္ပံပညာရှင်အဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် အငြိမ်းစား ဒေါက်တာထွန်းခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ပြပွဲကို ဒီဇင်ဘာ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ **တင်စိုး(မြန်မာ့အလင်း)**

**တိမ်အသင့်အတင့်ဖြစ်ထွန်း**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ (မိုး/ဇလ)

# ကမ္ဘာ့ရွှေ့ပြောင်းဒုက္ခသည် သန်း ၆၀ အထိ စံချိန်တင်မြင့်တက်

**ဂျီနီဗာ ဒီဇင်ဘာ ၁၈**

ကမ္ဘာ့ရွှေ့ပြောင်း ဒုက္ခသည် အရေအတွက်သည် ဆီးရီးယားစပ်ပွဲနှင့် အခြားသော ပဋိပက္ခများကြောင့် ယခုနှစ်တွင် သန်း ၆၀ အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောသည်။

အဆိုပါ ခန့်မှန်းဒုက္ခသည်များတွင် စစ်ပွဲနှင့် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ထွက်ပြေးလာသူ ၂၀ ဒသမ ၂ သန်း ပါဝင်ကြောင်း၊ ယင်းမှာ ၁၉၉၂ ခုနှစ် နောက်ပိုင်း အများဆုံးဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာ)၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။



ဂရိ- မက်ဆီဒိုးနီးယားနယ်စပ် ဂရိနိုင်ငံ အိုင်ဒိုမီနီကျေးရွာအနီး ဒီဇင်ဘာ ၄ ရက်က နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရန် စောင့်ဆိုင်းနေသော ရွှေ့ပြောင်းဒုက္ခသည်များကို တွေ့ရစဉ်။

ထိုအတောအတွင်း ခိုလှုံခွင့်တောင်းသူ ၂ ဒသမ ၅ သန်းနီးပါး ခိုလှုံခွင့်တောင်းခံထားမှုကို ဆိုင်းငံ့ထားခဲ့ကြောင်း၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်တို့က ရွှေ့ပြောင်းဒုက္ခသည် အများဆုံးလက်ခံခဲ့ရာ ပထမနှစ်ဝက်မှာပင် လူဦးရေ တစ်သန်းနီးပါးရှိခဲ့ကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။

"၂၀၁၅ ခုနှစ်ဟာ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ရွှေ့ပြောင်း ဒုက္ခသည် သန်း ၆၀ ကျော်လွန်ခဲ့ရပါတယ်။ လူ ၁၂၂ ဦးမှာ တစ်ဦးနှုန်းနေအိမ်ကို စွန့်ခွာထွက်ပြေးနေကြပါတယ်" ဟု အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၁၄ ခုနှစ်က ရွှေ့ပြောင်းဒုက္ခသည် အရေအတွက်သည် ၅၉ ဒသမ ၅ သန်းအထိရှိခဲ့သည်။

(ရိုက်တာ)

# နှစ်နိုင်ငံလက်နက်ကိုင်တပ်များအကြား မတော်တဆဖြစ်မှုများ ရှောင်ရှားရန် ဗြိတိန်နှင့် ရုရှားဆွေးနွေး



ရုရှားတိုက်လေယာဉ်တစ်စင်း ပျံသန်းနေမှုကို တွေ့ရစဉ်။

**မော်စကို ဒီဇင်ဘာ ၁၈**

နှစ်နိုင်ငံလက်နက်ကိုင်တပ်ဖွဲ့များအကြား ရေကြောင်းနှင့် လေကြောင်းတို့၌ မတော်တဆဖြစ်မှုများ ရှောင်ရှားနိုင်ရေး မော်စကိုမြို့၌ ဗြိတိန် စစ်ဘက်တာဝန်ရှိသူများနှင့် ရုရှားတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ကြာသပတေးနေ့ နှောင်းပိုင်းက ပြောကြားသည်။

ရုရှားဗုံးကြဲလေယာဉ်များသည် ဗြိတိန် တိုက်လေယာဉ်များအနီး ပျံသန်းလာခြင်း၊ ရုရှားစစ်သင်္ဘောများက ဗြိတိန်ရေပိုင်နက်အတွင်း ချဉ်းကပ်လာခြင်းတို့အပေါ် ဗြိတိန်က တိုင်တန်းမှုများ မြင့်တက်လာသည်။

ရုရှားနှင့် ဗြိတိန်လက်နက်ကိုင်တပ်များ နိုင်ငံတကာ ရေပြင်နှင့် ဝေဟင်တို့၌ မတော်တဆဖြစ်မှုများကို ရှောင်ရှားနိုင်ရန် ဆွေးနွေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ နိုဝင်ဘာ ၂၀ ရက်က ရုရှားဗုံးကြဲလေယာဉ် (Tu-160) နှစ်စင်း အတ္တလန္တိတ်သမုဒ္ဒရာအပေါ် ဗြိတိန်ဝေဟင်ပိုင်နက်အနီး ဖြတ်သန်းသွားသဖြင့် ဗြိတိန်က စကော့တလန်ရှိ တိုင်ဖွန်းတိုက်လေယာဉ်များ ကြားဖြတ်တိုက်ရန် ချက်ချင်းပျံတက်ခဲ့ရသည်ဟု ဆိုသည်။

(ရိုက်တာ)

# ၂၀၁၅ ခုနှစ်သည် အပူပြင်းဆုံးနှစ်ဖြစ်လာ

**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

ပြီးခဲ့သော နိုဝင်ဘာလသည် ၁၈၈၀ ပြည့်နှစ်မှစပြီး ထိန်းသိမ်းလာခဲ့သည့် စံချိန်တင် ပူပြင်းမှုမှစပြီး နောက်ပိုင်း အပူနွေးဆုံးဖြစ်ခဲ့ရာ ၂၀၁၅ ခုနှစ်သည် အပူပြင်းဆုံးနှစ်ဖြစ်လာ စေရန် စံချိန်တင်ခဲ့ကြောင်း အမေရိကန် အမျိုးသားသမုဒ္ဒရာနှင့် လေထုထိန်းချုပ်ရေးအဖွဲ့(အင်န်အိုအေအေ)မှ ဒီဇင်ဘာ ၁၇ ရက်က ပြောသည်။

ကမ္ဘာတစ်ဝန်း နိုဝင်ဘာလ ပျမ်းမျှအပူချိန်သည် ၀ ဒသမ ၉၇ ဒီဂရီဆဲလ်စီးရပ်အထိ မြင့်တက်ခဲ့ရာ ၂၀ ရာစုပျမ်းမျှအပူချိန်ထက် မြင့်တက်ခဲ့ကြောင်း အင်န်အိုအေအေ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

၁၈၈၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နိုဝင်ဘာလသည် အမြင့်ဆုံးအပူချိန်မြင့်တက်ခဲ့ကြောင်း၊ ယင်းမှာ ၂၀၁၃ ခုနှစ်က ၀ ဒသမ ၂၇ ဒီဂရီဖာရင်ဟိုက် (၀ ဒသမ ၁၅ ဒီဂရီဆဲလ်စီးရပ်) ထက်ကျော်လွန်ခဲ့ကြောင်း၊ ခုနစ်လဆက်တိုက် ကမ္ဘာ့အပူချိန်မြင့်တက်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာ၌ ရေးသားဖော်ပြသည်။

၂၀၁၅ ခုနှစ် ပထမ ၁၁ လတွင် ကိုးလမြောက်မှာ အမြင့်ဆုံးအပူချိန်ဖြစ်ခဲ့ရာ လစဉ်ပူနွေးမှုများ ဆက်တိုက်မြင့်တက်ခဲ့သည်ဟု ဆိုသည်။ သို့သော် ဒီဇင်ဘာလ ကမ္ဘာ့အပူချိန်သည် အနည်းဆုံး ၁ ဒသမ ၄၆ ဒီဂရီဖာရင်ဟိုက်ရှိသည်။

(ဆင်ဟွာ)

# တရုတ်လေထုညစ်ညမ်းမှု အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်

**ပေကျင်း ဒီဇင်ဘာ ၁၈**

တရုတ်နိုင်ငံမြို့တော်ပေကျင်းရှိ လေထုညစ်ညမ်းမှု အနီရောင်အဆင့် ထုတ်ပြန်ပြီး တစ်ပတ်အကျော်တွင် ဒုတိယအကြိမ် အနီရောင်အဆင့်သတိပေးချက် ထုတ်ပြန်လိုက်သည်။

တရုတ်မြို့တော်ပေကျင်း၌ စနေနေ့မှ အင်္ဂါနေ့အထိ တိုင်အောင် အန္တရာယ်ဖြစ်စေနိုင်သော မီးခိုးများတွေ့မြင်နိုင်ကြောင်း ပေကျင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံအလယ်ပိုင်း ရှီအန်းမြို့မှ အရှေ့မြောက်ပိုင်း ဟာဘင်မြို့အထိ နိုင်ငံတစ်ဝန်းလုံးတွင် ယင်းလေထုညစ်ညမ်းမှု၏ ဆိုးကျိုးသက်ရောက်နိုင်ကြောင်း တရုတ်မိုးလေဝသဌာနက ပြောသည်။

ယင်းသတိပေးချက်တွင် မော်တော်ယာဉ်များအသုံးပြုမှု၊ စက်ရုံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်မှုအရ စည်းကမ်းတင်းကျပ်ထားသည်။

(ဆင်ဟွာ)

# တရုတ်နိုင်ငံတွင် အိမ်ဈေးများမြင့်တက်

**ပေကျင်း ဒီဇင်ဘာ ၁၈**

တရုတ်နိုင်ငံ၌ နိုဝင်ဘာလကကျဆင်းခဲ့သော မြို့ကြီးများရှိအိမ်ဈေးများမှာ ယခုတစ်ဖန် ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ အိမ်ဈေးအကျဘက်သို့ ဦးတည်ပြီး ပြန်လည်ဦးမော့လာခြင်းမှာ နှစ်လအတွင်း၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားစာရင်းအင်းဌာနမှ အရာရှိများက မြို့ကြီး ၇၀ အနက် ၃၃ မြို့တွင် အိမ်ဈေးနှုန်းများမှာ ယခင်လထက်ပိုမိုများပြားနေကြောင်း၊ အခြားမြို့ကြီး ၂၇ မြို့တွင်ကျဆင်းပြီး ကျန်သော ၁၀ မြို့တွင် ငြိမ်နေကြောင်းပြောသည်။

သို့သော် ခရိုင်မြို့တော်များရှိ တိုက်ခန်းအတော်များများမှာ ရောင်းရန်ကျန်ရှိနေသေးကြောင်း၊ ရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံခြားတွင်ပိုမိုမြှုပ်နှံရန်အတွက် ၎င်းတို့၏ပိုင်ဆိုင်မှုများကို ရောင်းရန်ကြိုးစားနေကြောင်း တရုတ်အမျိုးသားစာရင်းအင်းဌာနမှအရာရှိများက ပြောသည်။

(အင်န်အိတ်ချ်ကေ)

# ကယ်လီဖိုးနီးယားသေနတ်သမား၏ သူငယ်ချင်းကို ဖမ်းဆီး



**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

အမေရိကန်အစိုးရရှေ့နေများက ယခုလအစောပိုင်းက ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဘာနာဒီနိုလူထု ပစ်ခတ်မှုတွင် ဇနီးမောင်နှံအသုံးပြုခဲ့သောရိုင်ဖယ်သေနတ်ကို ဝယ်ယူမှုဖြင့် လူတစ်ဦးကို တရားစွဲခဲ့သည်။

သေနတ်ပစ်ခတ်မှုကျူးလွန်သူအမျိုးသား ဖာရွတ်၏သူငယ်ချင်းဖြစ်သူ အန်းရစ်မာကွတ်ဇ်ကို ကြာသပတေးနေ့က ဖမ်းဆီးခဲ့ပြီး အကြမ်းဖက်သမားများကို ပစ္စည်းထောက်ပံ့မှုဖြင့် စွဲချက်တင်ခဲ့သည်။

အသက် ၂၄ နှစ်ရှိ မာကွတ်ဇ်သည် သေနတ်ပစ်ခတ်မှုကျူးလွန်သူအမျိုးသား ဖာရွတ်နှင့် ၎င်း၏ဇနီး တက်ရှ်ဖန်မာလစ်ခ်ထံမှ ရိုင်ဖယ်သေနတ်နှစ်လက်ကို ဝယ်ယူခဲ့သည်။

မာကွတ်ဇ်နှင့်ဖာရွတ်သည်လွန်ခဲ့သော ၁၀နှစ်ခန့်က သူငယ်ချင်းများဖြစ်ကြပြီး ဖာရွတ်၏ အစ္စလာမ္မစ်အစွန်းရောက်ဝါဒနှင့် ထိတွေ့ပြီးနောက် မာကွတ်ဇ်မှာ အကြမ်းဖက်ဝါဒလွှမ်းမိုးခြင်းခံရနိုင်ကြောင်း အက်ဖ်ဘီအိုင်က ပြောခဲ့သည်။

၎င်းတို့နှစ်ဦးမှာ ၂၀၁၁ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုများကို အကွက်ချကြံစည်သူများအဖြစ် သံသယရှိသူများဖြစ်ခဲ့ကြပြီး နောက်ပိုင်းတွင် ၎င်းတို့ အစီအစဉ်မှာ ပျက်သွားခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း လားရှိုးမြို့နယ် မန်အိုင် ကျေးရွာရှိ ကြက်မွေးမြူရေးခြံကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက မြန်မာ အမျိုးသား လေကြောင်းလိုင်းဖြင့် နေပြည်တော်မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာ အောင်မြတ်ဦးတို့နှင့်အတူ လားရှိုးမြို့နယ် မန်အိုင်ကျေးရွာရှိ တစ်ရက်လျှင် ကြက်ဥလုံးရေရှစ်သောင်းခန့် ထွက်ရှိသည့် ကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

အဆိုပါ ကြက်မွေးမြူရေးခြံသည် ၂၀၀၀ ပြည့်နှစ်မှစတင်၍ မြေဧက ၁၉ ဒသမ ၄၆ ဧကပေါ်တွင် တစ်ခြံလျှင် ကြက်ကောင်ရေ ၆၀၀၀ ဆံ့သည့် ကြက်ခြံ ၂၁ ခြံဖြင့် ကြက်ကောင်ရေ ၁၃၀၀၀၀ ခန့် မွေးမြူထားပြီး ထွက်ရှိသော ကြက်ဥများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များနှင့် မန္တလေးမြို့သို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် မန်အိုင်ကျေးရွာအတွင်းရှိ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုသည်။

အဆိုပါ ကြက်ခြံများသို့ ရောက်ရှိစဉ် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ကြက်မွေးမြူရေးလုပ်ငန်းသည် သမာအာဇီဝလုပ်ငန်းဖြစ်၍ ယခုထက်ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်သင့်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးထိခိုက်မှုမရှိစေရန်နှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ နည်းလမ်းရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# ရွှေလီမြစ်ပေါ်တွင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၀၅၀ ရှိ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၁၈

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် ပြင်သစ်အစိုးရပိုင်ကုမ္ပဏီဖြစ်သော ELECTRICITE DE FRANCE (EDF) တို့အကြား ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့၏မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်တွင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၀၅၀ ရှိ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းကို Public Private Partnership(PPP) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ် ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ရှိ Novotel Hotel ၌ ကျင်းပသည်။** (အောက်ပုံ)




အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ပြင်သစ်အစိုးရပိုင်ကုမ္ပဏီဖြစ်သော ELECTRICITE DE FRANCE (EDF) International Division, Asia မှ Mr. Jean-Christophe PHILBE နှင့် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် လူဦးရေ သန်း ၂၀ ခန့်သာ လျှပ်စစ်မီးသုံးစွဲနိုင်သေးပါကြောင်း၊ အစိုးရအဆက်ဆက်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၅ခုနှစ်အတွင်း ရေအားလျှပ်စစ်မှ ၆၆၃ မဂ္ဂါဝပ်ကျော်နှင့် သဘာဝဓာတ်ငွေ့မှ ၁၁၁၄ မဂ္ဂါဝပ်ကျော်ကို တိုးမြှင့်ထုတ်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခင်ကအိမ်ထောင်စု ၂ ဒသမ ၂ သန်းခန့်သာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ခဲ့သော်လည်း ယခုအခါတွင် အိမ်ထောင်စု ၃ ဒသမ ၄ သန်းခန့် လျှပ်စစ်ဓာတ်အားရရှိနေပြီဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ်မှ ဓာတ်အားထုတ်ယူမှုမှာ မြန်မာနိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်မှ ဓာတ်အားထုတ်လုပ်ရာ၌ တစ်ယူနစ်လျှင် ကျပ် ၆၀/၇၀ နှင့် သဘာဝဓာတ်ငွေ့ဖြင့် တစ်ယူနစ်လျှင် ၁၁၀ ခန့် ကုန်ကျပါကြောင်း၊ ယနေ့ မိမိတို့ နိုင်ငံတွင် ဓာတ်အားခ တစ်ယူနစ်ကို ၃၅ ကျပ်ဖြင့်သာ ဖြန့်ဖြူးပေးနေပါကြောင်း၊ သို့ဖြစ်၍ တစ်နှစ်လျှင် နိုင်ငံတော်မှ ကျပ် ၃၇၀ ဘီလီယံခန့် စိုက်ထုတ်ကျခံပေးနေရပါကြောင်း၊ သဘာဝပတ်ဝန်းကျင် မထိခိုက်ဘဲ ကုန်ကျစရိတ် သက်သာပါက ကျောက်မီးသွေးသုံးစက်ရုံများကိုလည်း စဉ်းစားသင့်ပါကြောင်း၊ ဂျပန်နိုင်ငံတွင် အဆင့်မြင့်နည်းပညာသုံး Clean Coal Technology စနစ်များဖြင့် ထုတ်လုပ်နေပါကြောင်း၊ ထိုင်းနိုင်ငံတွင် ကျောက်မီးသွေးဖြင့် မဂ္ဂါဝပ် ၅၀၀၀ ကျော်ထုတ်လုပ်နေပါကြောင်း၊ တရုတ်နိုင်ငံတွင်လည်း ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများပါကြောင်း၊ မိမိတို့နိုင်ငံတွင် မဂ္ဂါဝပ် ၁၂၀ ရှိသော ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတစ်ရုံသာရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုနည်းအောင် ဆောင်ရွက်ခဲ့ပြီး ထိခိုက်မှုရှိနိုင်သည့် စီမံကိန်းများကို ရပ်ဆိုင်းခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် International Division, Asia မှ Mr. Jean-Christophe PHILBE တို့က ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းကို Public Private Partnership (PPP)စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)များကို အပြန်အလှန်လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၄၁၂ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး အဆိုပါစီမံကိန်းကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ကြီးဌာနက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်က စတင်ပြီး ဆောင်ရွက်လျက်ရှိရာ စီမံကိန်းတစ်ခုလုံး၏ ၉ ဒသမ ၉၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါသည်။ စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုပုံစံမှာ မတည်ငွေ (Equity) ၃၀ ရာခိုင်နှုန်းနှင့် ချေးငွေ (Loan) ၇၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၅၀ ကို ပြည်ပနိုင်ငံများသို့ ရောင်းချသွားမည်မဟုတ်ဘဲ နိုင်ငံတော်ဓာတ်အားစနစ်မှတဆင့် ပြည်တွင်း၌သာဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမေရိကန်စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းသားများ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အမေရိကန်နိုင်ငံ Stanford University မှ Prof. Dan Ianca ခေါင်းဆောင်သော စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းသား သင်တန်းသူ ၃၂ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် လေ့လာရန်အတွက် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၆) စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိလာရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးဆွဲဆောင်နိုင်မည့် ပြုပြင်ပြောင်းလဲမှုများကို ကော်မရှင်ဥက္ကဋ္ဌက လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် သင်တန်းသားသင်တန်းသူများ၏ မေးမြန်းချက်များကို ကော်မရှင်က ပြန်လည်ဖြေကြားပေးခဲ့ပြီး ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်ဥက္ကဋ္ဌက လေ့လာရေးအဖွဲ့ခေါင်းဆောင်ထံသို့ အမှတ်တရလက်ဆောင်ပန်းချီကားချပ်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထူးခြားသည့်ညအပူချိန်များ

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကျိုက်မရောမြို့တွင် ၀ ဒသမ ၁၁ လက်မဖြစ်သည်။

# ရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၈

**၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။** (ယာပုံ)




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်များမှာ ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်သူများနှင့် ပတ်သက်၍ လူထုအသိမြှင့်တင်ရန်၊ ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်သူများနှင့် မိသားစုဝင်များ၏ ရပိုင်ခွင့်များကို နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့်အညီ ထိရောက်စွာတိုးမြှင့် ကာကွယ်ပေးရန်ဖြစ်ပါကြောင်း။

သန်းပေါင်းများစွာသော ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်သူများအနေဖြင့် ၎င်းတို့ ရောက်ရှိနေထိုင်လုပ်ကိုင်နေကြသည့် နိုင်ငံများနှင့် မိခင်နိုင်ငံများ၏ စီးပွားရေးကို အထောက်အကူပြုလျက်ရှိသည်ကို အသိအမှတ်ပြုသည့် အခမ်းအနားလည်းဖြစ်ပါကြောင်း။

များစွာသော ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်သူများသည် နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပတွင် ၎င်းတို့၏ အခြေခံရပိုင်ခွင့်များနှင့် ပြုစုစောင့်ရှောက်မှုအနည်းဆုံးကိုသာ ရရှိပြီး အခက်အခဲများစွာနှင့် နေထိုင်လုပ်ကိုင်နေရသည့်အတွက် ၎င်းတို့၏ အတွေ့အကြုံနှင့် အသံများကို ထင်ဟပ်စေသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို အကာအကွယ်ပေးရန် အရေးကြီးပါကြောင်း။

လူသားအမြောက်အမြား ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်ကြခြင်းဖြစ်စဉ်သည် ၂၁ ရာစု၏ ကြီးမားလှသည့် ခေတ်ရေစီးကြောင်းတစ်ခုသဖွယ် ဖြစ်နေပါကြောင်း၊ ဤဖြစ်စဉ်တွင် လူဦးရေနှင့် တောင်မြောက်ကွာဟချက်၊ ဒစ်ဂျစ်တယ်နည်းပညာ၏ အံ့မခန်းတိုးတက်ပြောင်းလဲမှု၊ အကွာအဝေးကို ချုံ့နိုင်သည့်နည်းပညာ၊ ကပ်ဘေးများနှင့် လုပ်သားလိုအပ်ချက် စသည်တို့ ပါဝင်နေပါကြောင်း၊ ရလဒ်အနေဖြင့် နိုင်ငံအများအပြားသည် အိမ်ရှင်နိုင်ငံ၊ ခရီးထောက်နိုင်ငံနှင့် ရည်မှန်းချက်နိုင်ငံများအဖြစ် တစ်ပြိုင်နက်တည်းတွင် ဖြစ်တည်နေရပါကြောင်း၊


ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ရှင်းလင်းပြောကြားစဉ်။

ထို့ကြောင့် ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်ခြင်း လုပ်ငန်းစဉ်သည် နိုင်ငံအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။

ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်သူများနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် လူသားဆန်၍ လုံခြုံစိတ်ချရပြီး စနစ်တကျရှိသော ရွှေ့ပြောင်းသွားလာမှုကို စီမံဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်ခြင်းကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် ထည့်သွင်းရမည့် အချက်တစ်ခုအဖြစ် သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ပြည်တွင်းအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်များ သတ်မှတ်ပြီး ကျယ်ပြန့်စွာ စီမံဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပုံမှန်ရွှေ့ပြောင်းသွားလာနေထိုင် လုပ်ကိုင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ ပွင့်လင်းမြင်သာပြီး ထိရောက်မှုရှိသော ယန္တရားများမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် အာမခံပေးရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ထိရောက်မှုရှိသော ရွှေ့ပြောင်းသွားလာ နေထိုင်မှုနှင့် ပတ်သက်သည့် စီမံခန့်ခွဲမှုကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတူတကွ တိုးမြှင့်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် လက်ရှိအချိန်တွင် ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်သူများ၏ အကျိုးစီးပွားအတွက် လက်ခံဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေကို ရရှိနေပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသော သဝဏ်လွှာနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ Chief of Mission ဖြစ်သူ Mr.Kieran Gorman-Best က ဖတ်ကြားသည်။ **(ယာပုံ)** ထို့နောက် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အတူ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံပြီး တစ်နှစ်တာပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်သော ကိုရီးယားစီးပွားရေးလုပ်ငန်းနှစ်ခု ဂုဏ်ပြုဆုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံကုန်သွယ်ရေးစက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ပူးပေါင်းကာ ဒုတိယအကြိမ်ချီးမြှင့်သည့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံပြီး တစ်နှစ်တာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပိုမိုဆောင်ရွက်ခဲ့သော ကိုရီးယားစီးပွားရေးလုပ်ငန်းများထဲမှ ကုမ္ပဏီနှစ်ခုကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ် ပုသိမ်ခန်းမ၌ ဒီဇင်ဘာ ၁၇ ရက် ည ၈ နာရီက ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

"အဓိကကတော့ ဒီ CSR နဲ့ ပတ်သက်လာရင် ကျွန်တော်တို့တိုင်းပြည်အတွက် ဘယ်သူက ဘယ်လောက် အကျိုးပြုလုပ်ငန်းတွေကို လုပ်ပေးနိုင်ခဲ့လဲ။ ဒါတွေကို နှစ်နိုင်ငံဝန်ကြီးဌာနတွေက စောင့်ကြည့်ပြီး အခုလို အကဲဖြတ်ရွေးချယ်ချီးမြှင့်ပေးတာပါ။ အခုဆိုရင် မြန်မာနိုင်ငံမှာ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ငန်းလုပ်နေတဲ့ကုမ္ပဏီတွေ အများကြီးရှိပါတယ်။ အသားတင်အမြတ် အနည်းဆုံး တစ်ရာခိုင်နှုန်းကို လူမှုအကျိုးပြုလုပ်ငန်းတွေမှာသုံးဖို့ နိုင်ငံတော်က တိုက်တွန်းအားပေးနေချိန်မှာ အခုပွဲက အထောက်အကူအများကြီးဖြစ်စေမှာပါ။ ဒီလိုလုပ်ပေးခြင်းဟာ လာရောက်ရင်းနှီးတဲ့ အခြားနိုင်ငံတွေလည်း အလားတူ နမူနာယူပြီး ဆက်လက်ဆောင်ရွက်သွားကြမယ်လို့လည်း ယုံကြည်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ ကုန်သွယ်ရေးစက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပြီး ကိုရီးယားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ Kotra က ကြီးမှူးကာ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က စတင်ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် IBK Bank နှင့် Samsung Electronics တို့ ရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော ကိုရီးယားကုမ္ပဏီများကို လူမှုအထောက်အကူပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်၍ကူညီထောက်ပံ့မှုလုပ်ငန်းများကို အဆင့်မြှင့်တင်လာကြစေရန်နှင့် ကိုရီးယား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန် ရည်ရွယ်၍ အဆိုပါ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

"ပညာရေးနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ၊ လူထုအကျိုးပြုလုပ်ငန်းတွေ၊ ရေဘေးနဲ့ပတ်သက်တဲ့ ကူညီထောက်ပံ့မှုလုပ်ငန်းတွေကို အမေရိကန်ဒေါ်လာ တစ်သန်းဝန်းကျင်လောက် ကျွန်တော်တို့ကုမ္ပဏီက အကုန်အကျခံ ဆောင်ရွက်ခဲ့ပါတယ်။ အခုလိုဆုရရှိတဲ့အတွက်လည်း ကျွန်တော်တို့အလွန်ဝမ်းသာမိပါတယ်"ဟု လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းအတွက် ထူးချွန်ဆုရရှိခဲ့သော Samsung Electronics မှ Marketing မန်နေဂျာ ကိုကျော်စွာလင်းက ပြောသည်။



ဆုရရှိခဲ့သော IBK Bank မှ Mr. Lee, Jeung Hwan ဆုလက်ခံယူစဉ်။

၂၀၁၅ ခုနှစ်အတွက် လူမှုအကျိုးပြုလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ထူးချွန်ဆုရသော IBK Bank မှ Mr.Lee, Jeung Hwan က "ဒီနှစ်မှာ လူမှုအကျိုးပြုလုပ်ငန်းတွေအတွက် ပရောဂျက်တွေ၊ ပရဟိတလုပ်ငန်းတွေအတွက် ကူညီထောက်ပံ့မှုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ခုလိုမျိုး IBK က လုပ်ဆောင်ပေးနေတာကို ကိုရီးယားကလုပ်ငန်းရှင်တွေသိသွားတဲ့အခါ မြန်မာနိုင်ငံအတွက် လိုအပ်တဲ့လူမှုရေးလုပ်ငန်းတွေမှာ ဆောင်ရွက်စေချင်ပါတယ်။ ဆက်လက်ပြီးလည်း ကျွန်တော်တို့အနေနဲ့ တတ်နိုင်တဲ့ဘက်က အကျိုးပြုလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ငွေပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံထိရှိကာ ပြည်ပနိုင်ငံများမှ ပြည်တွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုအဆင့်တွင် ခြောက်နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**သတင်း - မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ - မိုးမခ**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အထူးကုန်စည်ခွန်ဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အထောက်အကူပြုမည်ဖြစ်သည့်အတွက် ထောက်ခံကြောင်းဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၈

**ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ(ယာပုံ) ဥပဒေကြမ်းတစ်ခုကို မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတစ်ခုကို ဆွေးနွေးခြင်း၊ အစီရင်ခံစာနှစ်ခုကို ရှင်းလင်းဆွေးနွေးခြင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပေးပို့လာသည့်ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။**




အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က ဆက်လက်ဆွေးနွေးရာ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ နှိုင်းယှဉ်သုံးသပ်ချက်များအရ အခွန်ငွေလျော့နည်းရခြင်း အကြောင်းအရင်းများမှာ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူညီချက် စာချုပ်များအရ ပင်ရင်းသက်သေခံလက်မှတ်တင်ပြ၍ အကောက်အခွန်လျော့နှုန်းခံစားသည့်ကိစ္စများ၌ ခွင့်ပြုခဲ့သည့် အခွန်သက်သာခွင့်များ ပိုမိုသက်သာခွင့်ပြုခဲ့ရခြင်း၊ မော်တော်ယာဉ်အစားထိုးစီမံချက်ဖြင့် တင်သွင်းလာသည့် ယာဉ်အစီးရေ ၂၈၀၀၀ ကျော်လျော့နည်းသည့်အတွက် အခွန်လျော့နည်းကောက်ခံရခြင်းတို့ကြောင့် အခွန်ငွေများ လျော့နည်းရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန် ပြည်ထောင်စု၏ ဘဏ္ဍာအရအသုံးခန့်မှန်းခြေ အဆိုပြုတင်ပြချက်စာစောင်ကို ဘဏ္ဍာရေးဝန်ကြီးဌာန Website တွင် ဖော်ပြထားပါကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များနှင့် ပြည်တွင်းပြည်ပအစိုးရမဟုတ်သည့် အဖွဲ့အစည်းများသို့ ဖြန့်ဝေထားပါကြောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်များကို မြန်မာဘာသာပြန်ဆိုလွှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၉/၂၀၁၅)ကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးကတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့်ပြန်လည်ပေးပို့သော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် သက်သေခံဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် အထူးကုန်စည်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က အထူးကုန်စည်ခွန် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အခွန်ကောက်ခံခြင်းသည် တိုင်းပြည်၏ဘဏ္ဍာငွေရလမ်းအဖြစ်လည်းကောင်း၊ နိုင်ငံတော်၏ရငွေများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ စနစ်တကျအကျိုးရှိရှိ သုံးစွဲစေရန်၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွား တိုးတက်စေရန်နှင့် အကျိုးစီးပွားထိခိုက်ဆုံးရှုံးမှုကို ကာကွယ်တားဆီးရန် အခွန်ငွေများ ကောက်ခံရသည်ဆိုသည့် အခြေခံသဘောတရားကို စဉ်းစားသိမြင်နိုင်ပါကြောင်း၊ စီးကရက်နှင့် အရက်များ အခွန်စည်းကြပ်ရာတွင် အခွန်ဘဏ္ဍာရရှိရေးသာမက ပြည်သူလူထု၏ အကျိုးစီးပွားအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဘီယာနှင့် ဝိုင်အမျိုးမျိုးအတွက်လည်း တန်ဖိုးအပေါ်တွင် ရာခိုင်နှုန်းစည်းကြပ် သတ်မှတ်ခြင်းထက် အရေအတွက်အပေါ်တွင် အခြေခံ၍ သတ်မှတ်သင့်ပါကြောင်း၊ ကလေးသူငယ်များကို အန္တရာယ်ပေးထိခိုက်နေသည့် အခြားသော အလားတူထုတ်ကုန်များအပေါ်တွင်လည်း မြင့်မားသောနှုန်းဖြင့် ကုန်သွယ်ခွန်စည်းကြပ်ကောက်ခံရေးကို လေ့လာသုံးသပ်ရန်လိုပါကြောင်း၊ အထူးကုန်စည်ဟုသတ်မှတ်ခြင်းနှင့် တိုက်ရိုက် ဆက်စပ်မှုမရှိသော်လည်း နိုင်ငံသားများ၏ လူမှုရေး၊ ကျန်းမာရေးကို ကျယ်ပြန့်ကြီးမားစွာ ထိခိုက်နစ်နာမှုဖြစ်စေသည့် အရည်အသွေးညံ့ကုန်စည်အမျိုးမျိုးနှင့် ဈေးနှုန်းအလွန်သက်သာပြီး စွဲမက်နှစ်သက်ဖွယ် အရောင်အမျိုးမျိုးဖြင့် ထုပ်ပိုးပြင်ဆင်တင်သွင်းနေသည့် စားသုံးရန်လုံးဝမသင့်လျော်သည့် ကုန်ပစ္စည်းများကို မည်သည့်စံနှုန်း သတ်မှတ်ချက်များဖြင့် တားဆီးမည်ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း။

အထူးကုန်စည်ခွန်ဥပဒေသည် စီးကရက်နှင့် အရက်အပေါ် အခွန်နှုန်းထား တိုးမြှင့်ကောက်ခံခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

(သတင်းစဉ်)

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၈-၁၂-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ သုံးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်လေးဦး၊ အထွေထွေထုတ်ဝေခွင့်ငါးဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၁ ဦး၊ သတင်းအေဂျင်စီတစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။ ပုံနှိပ်တိုက်အမည်ပြောင်းတစ်ဦး၊ ပုံနှိပ်သူအမည်ပြောင်းတစ်ဦးနှင့် မဂ္ဂဇင်းထုတ်ဝေသူအမည်ပြောင်းတစ်ဦးတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၉ ဦးနှင့် အသစ်လျှောက်ထားသူ ၂၅၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ နှင့် အသစ်လျှောက်ထားသူ ၆၅၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၂၄ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၉၆၂ စောင်ကို စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူနှစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့်သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ (မိုး/ဇလ)

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး(၃/၂၀၁၅) သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခဲ့သော"**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေသုံးစွဲရေး ဥပဒေကြမ်း**"နှင့်စပ်လျဉ်း၍ လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလှထွန်းက လွှတ်တော်သို့ ဖတ်ကြား ရှင်းလင်းသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ "**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေသုံးစွဲရေးဥပဒေကြမ်း**"ကို တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့တင်သွင်းခြင်း၊ ထောက်ခံခြင်းများ ဆောင်ရွက်ကြပြီး အတည်ပြုကာ နံနက်ပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

## ပြင်သာကျေးရွာ ပြောင်းရွှေ့ရွာသစ်တည်ဆောက်ရန်စီစဉ်

**ဂန့်ဂေါ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း မြစ်သာမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသော မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အောက်ဘက်အနီးရှိ ပြင်သာကျေးရွာကို မူလကျေးရွာနှင့် တစ်မိုင်ကျော်အကွာအဝေးရှိ အင်ခေါင်းပွာကွင်းသို့ ပြောင်းရွှေ့ကာ ရွာသစ်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြင်သာကျေးရွာသည် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အောက်ဘက်အနီး မြစ်သာမြစ်ကမ်းဘေးတွင် တည်ရှိသောကြောင့် ယခုနှစ်မိုးရာသီကာလအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး မြစ်သာမြစ်ရေလျှံကာ ကမ်းပါးများ တိုက်စားပြိုပျက်၍ လူနေအိမ်၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် စိုက်ပျိုးမြေအချို့ရေထဲမျောပါခဲ့သည်။

"ကျွန်တော်တို့ ပြင်သာကျေးရွာက အခုဆိုရင် မြစ်ရေတိုက်စားလို့ ရွာမြေကလည်း ကျဉ်းမြောင်းသွားပါပြီ။ အိမ်သစ်တွေ တိုးချဲ့ဆောက်လုပ်ဖို့ အခက်အခဲရှိတာရယ်၊ နောက်နောင် ဒီလိုအဖြစ်မျိုးမတွေ့ကြုံရအောင် ကြိုတင်ရှောင်ကွင်း လိုတာရယ်ကြောင့် ရွာသူရွာသားတွေရဲ့ ဆန္ဒအရ ရွာကိုပြောင်းရွှေ့ တည်ဆောက်ဖို့စီစဉ်ရတာ ဖြစ်ပါတယ်" ဟု ရွာသားတစ်ဦးကပြောသည်။

အဆိုပါ ပြင်သာရွာသစ် တည်ဆောက်မည့် အင်ခေါင်းပွာကွင်း၌ ဧက ၅၀ အကျယ်အဝန်းရှိ ရွာမြေဖော်ထုတ်ခြင်း၊ ပေ ၁၀၀ ပတ်လည်ရှိ နေအိမ်ခြံဝင်းများ တိုင်းတာသတ်မှတ်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းမြေနေရာ ဖော်ထုတ်ခြင်း၊ စာသင်ကျောင်းမြေနေရာ ရွေးချယ်ခြင်း၊ ကလေးကစားကွင်း ဖော်ထုတ်ခြင်း၊ ရေတွင်းများတူးဖော်ခြင်း၊ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးခြင်းစသည့် လုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က ဆောင်ရွက်လျက်ရှိသည်။ ပြင်သာကျေးရွာသည် အိမ်ခြေ ၈၆ အိမ်ရှိပြီး လူဦးရေ ၄၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ခေတ်နှင့်အညီ နည်းပညာမြင့်မားသည့်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြု ကုထုံးသစ်များ၊ ဆေးဝါးများဖြင့် ကုသပေးနိုင်အောင် မျက်ခြည်မပြတ် လေ့လာသင်ယူ




**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတော် ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ပြည့်ဝစွာ ထမ်းဆောင်နိုင်စေရန် တပ်မတော်ကို စွမ်းဆောင်ရည်ရှိသည့် ခေတ်မီတပ်မတော် (Standard Army) အဖြစ် တည်ဆောက်နေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်ဖော်ဆောင် မြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းနေကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် တပ်မတော်နှင့် ပြည်သူကို အလုပ်အကျွေးပြုရာတွင် "ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်"၊ "စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ" ဆိုသည့် တပ်ဖွဲ့၏ဆောင်ပုဒ်များနှင့်အညီ လက်တွေ့ကျင့်ကြံလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပသည့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တပ်နယ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဗိုလ်လောင်းများ၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇)မှ အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းပြည့်ဖြိုးအောင်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းပိုင်စိုးဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ယနေ့အထိ ကျောင်းဆင်းအရာရှိ ဆရာဝန် ၄၅၃၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းအနက်မှ ပြည်တွင်း၊ ပြည်ပမဟာဘွဲ့၊ ပါရဂူဘွဲ့ရ ၁၆၀၀ ကျော် ပေါ်ထွန်းလာခဲ့ပြီဖြစ်သည့်အတွက် တပ်မတော်နှင့် နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အင်နှင့်အားဖြင့် ပါဝင်ထမ်းရွက်နေကြသည်ကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရမည်ဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် ဆေးဘက်ဆိုင်ရာပညာရပ်များနှင့် စစ်ပညာရပ်များကို မှန်ကန်စွာ အသုံးချ၍ တာဝန်ကျရာ တပ်၊ ဒေသအသီးသီးတွင် တပ်မတော်သားများနှင့် မိသားစုဝင်များကိုသာမက လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်းပါးသောဒေသများ၌ နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု၊ ကျန်းမာရေးအသိပေးဖြန့်ဝေမှုတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူကုသပေးရမည့် ရောဂါအမျိုးမျိုး ပျောက်ကင်းအောင် ကုသပေးနိုင်ရန် အမြဲကြိုးစားလေ့လာရင်း ပြောင်းလဲတိုးတက်နေသည့် ဆေးဘက်ဆိုင်ရာပညာရပ်များနှင့်အတူ ကြိုတင်ကာကွယ်မှု၊ ကုသမှုများနှင့် ရင်ဆိုင်တိုက်ပွဲဝင်နေကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကို ကာကွယ်ရမည့် စစ်သည်များသည် ကျန်းမာကြံ့ခိုင်ရန်လိုအပ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် လူသားအရင်းအမြစ်များ အများအပြားလိုအပ်ခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှတစ်ဆင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ထိရောက်သောအထောက်အကူဖြစ်စေရန် စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုထိရောက်သည်" ဆိုသည့်အတိုင်း တပ်မတော်သားတိုင်း ကိုယ်စီကျန်းမာရေးအသိနှင့် မှန်ကန်စွာ နေထိုင်စားသောက်နိုင်ရေး ပညာပေးခြင်း၊ ရောဂါများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သမိုင်းစဉ်တစ်လျှောက်လုံး နိုင်ငံတော်နှင့်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ပြည့်ဖြိုးအောင်အား ဆုချီးမြှင့်စဉ်။** (မြဝတီ)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ပိုင်စိုးဦးအား ဆုချီးမြှင့်စဉ်။** (မြဝတီ)

ပြည်သူကို ကာကွယ်အလုပ်ကျွေးပြုလာသည့် တပ်မတော်အနေဖြင့် ယင်းဒေသခံပြည်သူများ လိုအပ်နေသော ကျန်းမာရေးစောင့်ရှောက်ကုသမှုနှင့် ဆေးကာကွယ်ပေးရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် တတ်အားသရွေ့ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ နိုင်ငံတစ်နံတစ်လျားက ဒေသခံပြည်သူ ၂၇၀၅၀၀ ကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကုသပေးခဲ့ပြီး တပ်မတော်ဆေးရုံများသို့ ၃၅၀၀ ကျော်ကို တက်ရောက်ဆေးကုသမှုပေးနိုင်ခဲ့ကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့အနေဖြင့် ခေတ်နှင့်အညီ နည်းပညာမြင့်မားသည့်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်အောင်၊ တိုးတက်သည့် ကုထုံးသစ်များ၊ ဆေးဝါးများဖြင့် ကုသပေးနိုင်အောင် မျက်ခြည်မပြတ် လေ့လာသင်ယူသွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ခေတ်စနစ်များပြောင်းလဲလာသည်နှင့်အမျှ ဆေးပညာနှင့်စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်များပေါင်းစပ်ပြီး အဏုမြူ၊ ဓာတု၊ ဇီဝလက်နက်များ ထုတ်လုပ်လာကြရာ

**"သမိုင်းစဉ်တစ်လျှောက်လုံး နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်အလုပ်ကျွေးပြုလာသည့် တပ်မတော်အနေဖြင့် ယင်းဒေသခံပြည်သူများလိုအပ်နေသော ကျန်းမာရေးစောင့်ရှောက်ကုသမှုနှင့် ဆေးကာကွယ်ပေးရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် တတ်အားသရွေ့ ဆောင်ရွက်လျက်ရှိ"**

*စာမျက်နှာ ၉ သို့*

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။ **(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် မြဝတီတေးဂီတအဖွဲ့နှင့် တပ်မတော်ဆေးတက္ကသိုလ် စစ်တီးဝိုင်းတို့က တီးခတ်ဖျော်ဖြေကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ၊ ကျောင်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ **(မြဝတီ)**

---

*စာမျက်နှာ ၈ မှ*

ယင်းလက်နက်မျိုးနှင့် တိုက်ခိုက်မှုများ၏ အကျိုးသက်ရောက်မှု အန္တရာယ်ကိုသိရှိပြီး ကာကွယ်နိုင်မည့်နည်းလမ်းများ၊ ကုသရမည့်နည်းလမ်းများကို လေ့လာပြင်ဆင်သုတေသနလုပ်ထားကြရမည်ဖြစ်ကြောင်း။

တပ်မတော်အရာရှိများ ဖြစ်ကြသည့်အတွက် တိုက်တွန်းချက်၊ တားမြစ်ချက်များဖြစ်သော တပ်မတော်စည်းမျဉ်းစည်းကမ်းများ၊ တပ်မတော်အက်ဥပဒေများ၊ နယ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများကို သိရှိကြရမည်ဖြစ်သလို အလေးထားလိုက်နာကြရန်လည်း လိုအပ်ကြောင်း၊ ၎င်းအပြင် ဆရာဝန်များဖြစ်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများ လိုက်နာရမည့်ကျင့်ဝတ်များ၊ ဆရာဝန်များလိုက်နာရမည့်ကျင့်ဝတ်များ၊ ကတိသစ္စာများကို သေချာစွာမှတ်သားလိုက်နာပြီး ပြုမူကျင့်ကြံနေထိုင်ခြင်းဖြင့် ကုသမှုများသည်လည်း အစွမ်းထက်၍ ထိရောက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအကျဆုံးမှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုအချိန်တွင် အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးကို တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းတည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ် အပါအဝင် အရေးကြုံလာပါက တပ်မတော်သားတစ်ဦး မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်ပြီး ပြည်သူနှင့် တိုင်းပြည်က အားကိုးအားထားရသည့် တပ်မတော်တစ်ရပ်ဖြစ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ခံရသည့် ဒေသများတွင် တပ်မတော်က ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဆေးကာကွယ်ပေးရေး လုပ်ငန်းများကို စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရင်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းပြီး သစ္စာရှိရှိတာဝန်ကျေပွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့်လမ်းကြောင်း ခိုင်မာရန်အတွက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးသည့်အတွက် တပ်မတော်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့သင်တန်းဆင်းအရာရှိများအနေဖြင့် တာဝန်ကျေပွန်ပြီး ရိုးသားကြိုးစားသည့် တပ်မတော်အရာရှိကောင်း တစ်ဦး၊ ထူးချွန်ထက်မြက်သည့် ဆေးသိပ္ပံပညာရှင်ကောင်းတစ်ဦးအဖြစ် တပ်မတော်ဆေးတက္ကသိုလ်၏ ဂုဏ်ကိုဆောင်နိုင်သော "သမားဇာနည် အောင်စစ်သည်" များဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာခဲ့သည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇)မှ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းနှစ်ဦးနှင့် ၎င်းတို့၏မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအစည်းအဝေးခန်းမတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ပါမောက္ခချုပ် ဗိုလ်မှူးကြီး ကိုကိုလွင်က ဆေးပညာသင်ကြားမှုဆိုင်ရာများ၊ သင်ကြားရေးကာလသတ်မှတ်မှု၊ ပြည်တွင်းပြည်ပလက်ခံ အသိအမှတ်ပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောင်းလဲသင့်သည့် သင်ရိုးညွှန်းတမ်းများကို ပြောင်းလဲသင်ကြား၍ ဆေးတက္ကသိုလ်မှ ပေးအပ်သည့်ဘွဲ့များကို ပြည်တွင်းပြည်ပမှ အဆင့်မီစွာ အသိအမှတ်ပြုရေး လိုအပ်သည်များကို စီမံဆောင်ရွက်ရန် မှာကြားသည်။ **(မြဝတီ)**

---

# ယခုနှစ်၏ အထူးခြားဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံကို ရွေးချယ်

**ကိုရင်သြ - ဘာသာပြန်သည်**

"ယခုနှစ်၏ အထူးခြားဆုံးနိုင်ငံ"အဖြစ် မြန်မာနိုင်ငံကို ရွေးချယ်ကြောင်း ဗြိတိန်နိုင်ငံ၏ အပတ်စဉ်ထုတ်မဂ္ဂဇင်းကြီးဖြစ်သော The Economist မဂ္ဂဇင်းက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သည့်နှစ်၏ အချိန်ကာလအများစုတွင် တိုးတက်မှုပြသနိုင်ခဲ့ကြောင်း အဆိုပါ မဂ္ဂဇင်းက ပြောကြားသည်။

ပိုမိုသာယာဝပြောသော ကမ္ဘာကြီးအဖြစ် ရပ်တည်နိုင်ရန် ကူပံ့ပေးသည့် မည်သည့်နိုင်ငံ တစ်နိုင်ငံအားနှစ်အလိုက် အထူးခြားဆုံးနိုင်ငံအဖြစ် ဂုဏ်ပြုသင့်သည်ကို ကျွန်ုပ်တို့ စဉ်းစားခဲ့ကြသည်ဟု အဆိုပါမဂ္ဂဇင်း၏ အယ်ဒီတာများက ပြောကြားကြသည်။

တစ်စုံတစ်ယောက်က မျှော်မှန်းခဲ့သည်ထက်ပင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို မြန်မာနိုင်ငံက ပြုလုပ်နိုင်ခဲ့သည်ဟု အယ်ဒီတာများက ရေးသားဖော်ပြကြသည်။

လွန်ခဲ့သည့်ငါးနှစ်က အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံများကိုပင်လျှင် သတင်းစာများ၌ ဖော်ပြခွင့် ပိတ်ပင်ခဲ့သည်ဟု ၎င်းတို့က ထောက်ပြကြသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးရှုခင်း၌ တပ်မတော်က ကြီးမားသောအထူးအခွင့်အရေးများ ရရှိထားသည်ဟု ဆောင်းပါးတွင် အသိအမှတ်ပြုထားသည်။ သို့ရာတွင် နိုဝင်ဘာလရွေးကောက်ပွဲ၌ ထောက်ခံမဲ ၇၇ ရာခိုင်နှုန်း ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်ပွဲအပြီး တပ်မတော်အနေဖြင့် တာဝန်ခွဲဝေကျင့်သုံးမှုပြုလုပ်ရန် အသင့်ရှိနေပုံကို ပြသလာသည်ဟုလည်း ဆောင်းပါးတွင် ဝန်ခံဖော်ပြထားသည်။

ရုရှား(သို့မဟုတ်) အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)တို့ကဲ့သို့ ကမ္ဘာ့သတင်းခေါင်းစဉ်အများစုကို နေရာယူထားသော နိုင်ငံတစ်နိုင်ငံအား ရွေးချယ်ခြင်း မပြုသည့် အကြောင်းတရားများကိုလည်း လန်ဒန်အခြေစိုက် သတင်းမဂ္ဂဇင်းကြီးက ရှင်းပြထားသည်။ ရုရှားနှင့် အိုင်အက်စ်တို့သည် ၂၀၁၅ ခုနှစ်အတွင်း အခြားနိုင်ငံအများစုထက်ပိုမို၍ ကမ္ဘာ့သတင်းစာမျက်နှာများပေါ် လွှမ်းမိုးခဲ့ကြသည်။

စစ်သူရဲကောင်းဝါဒ၊ ပြည်တွင်းဖိနှိပ်မှု၊ ပြည်ပမှ တရားမဝင်တင်သွင်းသော ဒိန်ခဲများအား ဖျက်ဆီးမှုစသည့် အကြောင်းခြင်းရာ ဖန်တီးသူများကို မိမိတို့ ချီးကျူးဂုဏ်ပြုလိုခြင်းမရှိကြောင်း၊ ထိုနည်းတူစွာ အိုင်အက်စ်အဖွဲ့သည် အများ၏ အော့နှလုံးနာစရာအုပ်စုအဖြစ်မှတစ်ပါး နိုင်ငံတစ်နိုင်ငံဟူ၍ သတ်မှတ်နိုင်သော ဂုဏ်အင်္ဂါများ မပြည့်စုံကြောင်း အယ်ဒီတာများက သုံးသပ်ရေးသားသည်။

ပိုမို၍ သာယာဝပြောသော ကမ္ဘာကြီးအဖြစ် တည်ဆောက်မှုတွင် ပါဝင်လှုပ်ရှားနေသော နိုင်ငံတစ်နိုင်ငံကိုသာလျှင် အသိအမှတ်ပြုရန် မိမိတို့ လိုလားကြောင်း၊ သို့ဖြစ်ပေရာ မြန်မာနိုင်ငံသည် ဆုရရှိထိုက်ကြောင်း The Economist မဂ္ဂဇင်းကြီးတွင် ရေးသားဖော်ပြသည်။

The Economist မဂ္ဂဇင်းသည် အင်္ဂလိပ်ဘာသာဖြင့် ရက်သတ္တပတ်ထုတ် သတင်းမဂ္ဂဇင်းဖြစ်ပြီး Economist Group က ပိုင်ဆိုင်သည်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဌာနချုပ်တွင် တည်းဖြတ်သည်။ ၁၈၄၃ ခုနှစ် စက်တင်ဘာလတွင် မဂ္ဂဇင်းထူထောင်သူ ဂျိမ်းဝီလ်ဆင် လက်ထက်မှစတင်ကာ အဆက်မပြတ်ပုံမှန်ထုတ်ဝေလာသော မဂ္ဂဇင်းလည်းဖြစ်သည်။

The Economist မဂ္ဂဇင်းသည် ယခုအခါ ပုံနှိပ်စာစောင်နှင့် အွန်လိုင်းစာစောင်တို့အရ စာဖတ်ပရိသတ် ၅ ဒသမ ၃ သန်းရှိသည်ဆို၏။

**ရည်ညွှန်း** - ***The Economist Declares Myanmar "Country of the Year"***
***by Ye Myint(GNLM; 18 Dec 2015)***

---

## နယ်လှည့်အသိပညာပေးဟောပြော ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

**ဟားခါး ဒီဇင်ဘာ ၁၈ -** ဟားခါးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး/ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ နယ်လှည့်အသိပညာပေးဟောပြောပွဲနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့နယ်၊ နီ့ာရ်လောန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။ ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး/အမျိုးသမီးရေးရာအဖွဲ့သည် ကျေးရွာရှိ မသန်စွမ်းသူများထံ အိမ်တိုင်ရာရောက် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း၊ ကျေးရွာနေ့ကလေးထိန်းကျောင်းရှိ ကလေးများအား အာဟာရတိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

❖ *ကျော်ဖုံးမှ*



ဦးအောင်ညွန့်သိန်း
(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန)

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက် စာရင်းအရ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ တူးဖော်ရေးကုမ္ပဏီ ၆၂၇ ခုကို ပုဂ္ဂလိကလုပ်ကွက်ပေါင်း ၇၇၁၄ ကွက်နဲ့ ကုမ္ပဏီ ၂၃၁ ကို အကျိုးတူလုပ်ကွက် ၃၁၁ ကွက် စုစုပေါင်း ဧရိယာ ဧက ၂၂၅၅၈ ဒသမ ၃၀ ကို လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။

၁၉၉၅ ခုနှစ်မှာ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြဋ္ဌာန်းပြီး ဥပဒေ၊ နည်းဥပဒေများနဲ့အညီ နိုင်ငံသားပိုင်ကျောက်မျက်ကုမ္ပဏီတွေကို တူးဖော်ထုတ်လုပ်ရောင်းချခွင့်ပြုခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်ကစပြီးတော့ ပုဂ္ဂလိကလုပ်ကွက်တွေကို တူးဖော်ခွင့်ပြုခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာတော့ နိုင်ငံတော်နဲ့ အကျိုးတူ တူးဖော်ထုတ်လုပ်မယ့်ကုမ္ပဏီတွေကို လုပ်ကိုင်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်ခွင့်ကို ၁၉၉၅ ခုနှစ် မတိုင်မီက နိုင်ငံပိုင်အနေဖြင့်သာ ဆောင်ရွက်ခဲ့ရာမှ ၁၉၉၅ ခုနှစ်မှာ ကျောက်မျက်ရတနာဥပဒေနဲ့ နည်းဥပဒေတွေထုတ်ပြန်သတ်မှတ်ခဲ့ပြီး တိုင်းရင်းသားပိုင်ကုမ္ပဏီ/အသင်းတွေနဲ့ လုပ်ငန်းရှင်တွေကိုလည်း ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်နိုင်ဖို့ လုပ်ကွက်တွေကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။

လုပ်ကိုင်ခွင့်ပြုရာမှ သတ်မှတ်လုပ်ကွက်၊ ဖော်ထုတ်လုပ်ကွက်နဲ့ နိုင်ငံတော်နဲ့ အကျိုးတူလုပ်ကွက်ဆိုပြီး သုံးမျိုးရှိပါတယ်။ သတ်မှတ်လုပ်ကွက်ဆိုတာ ရတနာနယ်မြေအတွင်းမှာရှိတဲ့ မြေလွတ် မြေလပ်တွေမှာ သတ္တုတွင်းဝန်ကြီးဌာနက အကွက်ရိုက်သတ်မှတ်ထားတဲ့ တစ်ဧကအကျယ်အဝန်းရှိတဲ့ လုပ်ကွက်တွေဖြစ်ပါတယ်။ ဖော်ထုတ်လုပ်ကွက်နဲ့ အကျိုးတူလုပ်ကွက်တွေကို ကျောက်မျက်တူးဖော်ထုတ်လုပ်လိုတဲ့ လုပ်ငန်းရှင်/ကုမ္ပဏီတွေက လျှောက်ထားလာရင် ကန့်သတ်ချက်တွေနဲ့ လွတ်ကင်းမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးပြီးမှသာ လုပ်ကိုင်ခွင့်ပြုတာဖြစ်ပါတယ်။

ဖော်ထုတ်လုပ်ကွက်ရဲ့ တစ်ကွက်အကျယ်အဝန်းမှာ တစ်ဧကရှိပြီး အကျိုးတူလုပ်ကွက် အကျယ်အဝန်းမှာ ဧက ၅၀ အထိရှိပါတယ်။ ကျောက်စိမ်းလုပ်ကွက် လုပ်ကိုင်ခွင့်ပြုခြင်းအပါအဝင် အခြားကျောက်မျက်ရတနာလုပ်ငန်းတွေအားလုံးကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၊ အသင်းခွဲတွေနဲ့ ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်နေပါတယ်။ သတ်မှတ်လုပ်ကွက်တွေကို စတင်လုပ်ကိုင်ခွင့်နဲ့ သက်တမ်းကုန်အတွက် လျှောက်ထားနိုင်ကြောင်း ကြေညာချက်ကို နိုင်ငံပိုင်သတင်းစာတွေမှာ ထည့်သွင်းပြီး ဈေးပြိုင်အဆိုပြုလွှာခေါ်ယူပါတယ်။

ဖော်ထုတ်လုပ်ကွက်တွေ စတင်လုပ်ကိုင်ခွင့်အတွက် တစ်ကွက်ကို အဆိုပြုငွေကျပ် ၁၀ သိန်းနဲ့အထက် သတ်မှတ်ပြီး ဦးစီးကော်မတီက လုပ်ကိုင်ခွင့်ချထားပေးခြင်းဖြစ်ပါတယ်။ သက်တမ်းကုန်ရင်တော့ ဈေးပြိုင်အဆိုပြုလွှာ ပြန်လည်တင်သွင်းရပါတယ်။ ဈေးအများဆုံးတင်သွင်းသူကို လုပ်ကိုင်ခွင့်ချထားပေးခြင်းဖြစ်ပါတယ်။ အကျိုးတူလုပ်ကွက်တွေရဲ့ လုပ်ကိုင်ခွင့်ကိုတော့ လုပ်ကွက်အကျယ်အဝန်း တစ်ဧကအတွက် အဆိုပြုငွေကျပ် ၁၀ သိန်း ပေးသွင်းစေပြီး မူလသက်တမ်း ငါးနှစ်၊ ဒုတိယသက်တမ်း သုံးနှစ်နဲ့ တတိယသက်တမ်းမှစပြီး နှစ်နှစ်စီ သက်တမ်းတိုးလုပ်ကိုင်ခွင့်ပြုပါတယ်။ ဒါကြောင့် ကျောက်စိမ်းလုပ်ကွက်တွေ လုပ်ကိုင်ခွင့်ချထားပေးခြင်းကို ဝန်ကြီးဌာနပေါင်းစုံက တာဝန်ရှိသူတွေ အဖွဲ့ဝင်အဖြစ်ပါဝင်ကြပြီး ဖွဲ့စည်းပေးထားတဲ့ ဦးစီးကော်မတီက လုပ်ကိုင်ခွင့်ချထားပေးခြင်းဖြစ်ပါတယ်၊ ဒါ့အပြင် ဈေးပြိုင်စနစ်နဲ့ အဆိုပြုလွှာတင်သွင်းစေပြီး ဈေးအများဆုံး တင်သွင်းနိုင်သူကိုသာခွင့်ပြုပေးခြင်းကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနဲ့ ပူးပေါင်းပြီးဆောင်ရွက်တာဖြစ်ပါတယ်။

**မေး ။ ။ တူးဖော်လုပ်ကိုင်ခွင့်ရရှိသူတွေ လိုက်နာရမယ့်ဥပဒေနဲ့ စည်းကမ်းသတ်မှတ်ချက်တွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ လုပ်ကွက်လုပ်ကိုင်ခွင့်ရရှိသူတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေကို မြန်မာ့ကျောက်မျက်ရတနာဥပဒေနဲ့ နည်းဥပဒေတွေမှာ တိကျစွာဖော်ပြထားပြီး ဖြစ်ပါတယ်။ တူးဖော်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းတွေအတွက် လိုက်နာဆောင်ရွက်ရမယ့် အချက်တွေကို လုပ်ကွက်ခွင့်ပြုမိန့်ရရှိသူတွေက လိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**မေး ။ ။ ရေမဆေးကျောက်လုပ်ငန်းနဲ့ပတ်သက်ပြီး မလိုလားအပ်တဲ့ ဖြစ်စဉ်တွေ မဖြစ်ပွားစေဖို့ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ၁၉၉၅ ခုနှစ် နောက်ပိုင်းမှာ ကျောက်စိမ်းရိုင်းတူးဖော်မှုလုပ်ငန်းကို အရွယ်အစားကြီးမားတဲ့ ကျောက်ဖောက်စက်၊ မြေကော်စက်နဲ့ မြေတူးစက် စတဲ့စက်ယန္တရားတွေကို အသုံးပြုပြီး ဟင်းလင်းဖွင့်စနစ်နဲ့ တူးဖော်ခွင့်ပြုခဲ့ပါတယ်။ တူးဖော်ရရှိတဲ့မြေစာတွေကို စက်ယန္တရားတွေအသုံးပြုပြီး ကျောက်စိမ်းရိုင်း ရှာဖွေခြင်းဖြစ်ပါတယ်။ အဲဒီလိုရှာဖွေပြီးတဲ့ မြေစာတွေကို မြေစာပုံတွေမှာ သွားရောက်စွန့်ပစ်ကြပါတယ်။ အဲဒီ စွန့်ပစ်မြေစာတွေမှာ ရောပြီးပါသွားတဲ့ ကျောက်စိမ်းရိုင်းအချို့ကို ရှာဖွေတွေ့ရှိပြီး ကောက်ယူရောင်းချကြတဲ့ စွန့်ပစ်မြေစာပါ ကျောက်စိမ်းရိုင်းကိုရှာဖွေတဲ့ လူအုပ်စုတစ်ရပ်ပေါ်ပေါက်လာပါတယ်။ ကျောက်စိမ်းရိုင်းတွေကို ရေမဆေးမီ ရောင်းချကြတဲ့အတွက် ရေမဆေးကျောက်ဆိုပြီး အမည်တွင်လာတာဖြစ်ပါတယ်။

ကချင်ပြည်နယ် ဖားကန့်ဒေသမှာ ရေမဆေးကျောက်တူးသမားတွေ အလုပ်ကိုင် ပိုပြီးများပြားလာတဲ့အတွက် အုပ်ချုပ်ရေးနဲ့လုံခြုံရေးအဖွဲ့တွေ့က ထိရောက်စွာ ကာကွယ်တားဆီးနိုင်ဖို့နဲ့ မလိုလားအပ်တဲ့ဖြစ်စဉ်တွေ မဖြစ်ပွားစေဖို့ ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးအဖွဲ့ကို နိုင်ငံတော်က ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှာ ဖွဲ့စည်းပေးခဲ့ပြီး ဒီအဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ ရေမဆေးကျောက်ရှာဖွေသူတွေ ဝင်ရောက်ကျူးကျော်မှု ရှင်းလင်းခြင်းကို ၂၀၁၃ ခုနှစ်မှာ အကြိမ်(၃၀)၊ ၂၀၁၄ ခုနှစ်မှာ (၁၀၉)ကြိမ်နဲ့ ၂၀၁၅ ခုနှစ်မှာ (၁၆)ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ မလိုလားအပ်တဲ့ဖြစ်စဉ်တွေ မဖြစ်ပွားစေဖို့အတွက် တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေသူတွေကို ပညာပေးခြင်း၊ သတိပေးခံဝန်များရေးထိုးစေခြင်းတွေ ပြုလုပ်ခဲ့ပြီး မူလဒေသတွေကို ပြန်လည်စေလွှတ်ပေးခဲ့တာ ၂၀၁၃ ခုနှစ်မှာ ၇၉၈ ဦး၊ ၂၀၁၄ ခုနှစ်မှာ ၃၅၂၆ ဦးနဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ၃၁၉ ဦး စုစုပေါင်း ၄၆၄၃ ဦးအထိ ရှိပါတယ်။

**မေး ။ ။ ဖက်စပ်စနစ်နဲ့ ဆောင်ရွက်မှုအခြေအနေကိုလည်း ရှင်းပြပေးပါ။**

ဖြေ ။ ။ ကျောက်မျက်ရတနာလုပ်ကွက် လုပ်ကိုင်ခွင့်တွေကို တိုင်းရင်းသားပိုင်ကုမ္ပဏီ/အသင်းတွေနဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေကိုပဲ ချထားပေးခြင်းဖြစ်ပါတယ်။ နိုင်ငံခြားသားတွေကို လုပ်ကိုင်ခွင့်မပြုပါဘူး။ ၁၉၉၅ ခုနှစ်ကစပြီး ဖက်စပ်စနစ်နဲ့ တူးဖော်ခြင်းကို ရပ်နားခဲ့ပါတယ်။ **၂၀၀၀ ပြည့်နှစ်မှာ နိုင်ငံတော်နဲ့အကျိုးတူ တူးဖော်မှုစနစ်ကို ဆောင်ရွက်ခဲ့ပါတယ်။ ရောင်းချရတဲ့ တန်ဖိုးကနေ ကောက်ခံရမယ့် အခွန်အခတွေကိုနုတ်ယူပြီး ကျန်ပမာဏအပေါ်မှာ နိုင်ငံတော်က ၂၅ ရာခိုင်နှုန်းနဲ့ လုပ်ငန်းရှင်က ၇၅ ရာခိုင်နှုန်း ခွဲဝေခံစားတဲ့စနစ်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။**

**မေး ။ ။ ကျောက်မျက်ရတနာတူးဖော်တဲ့ဒေသတွေမှာ သဘာဝပတ်ဝန်းကျင် လူမှုဝန်းကျင်နဲ့ ကျန်းမာရေးထိခိုက်မှုတွေ ဆောင်ရွက်မှုအခြေအနေကိုလည်း သိပါရစေ။**

ဖြေ ။ ။ **ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်တွေကို တူးဖော်ဖို့အတွက် သက်ဆိုင်ရာကုမ္ပဏီတွေက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (EIA)၊ လူမှုဝန်းကျင်ထိန်းသိမ်းရေး(SIA)၊ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှု(HIA) စီမံချက်တွေ ရေးဆွဲတင်ပြရပါတယ်။ အဲဒီစီမံချက်တွေအတိုင်း လိုက်နာဆောင်ရွက်ဖို့ စစ်ဆေးကြပ်မတ်လျက်ရှိပါတယ်။**

သတ္တုတွင်းဝန်ကြီးဌာနဟာ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းတာဝန်ယူမှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက်(CSR)ရန်ပုံငွေ အမေရိကန်ဒေါ်လာ နှစ်သန်းကို ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီရဲ့စီစဉ်မှုနဲ့ လျာထားသတ်မှတ်ထားပြီးဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက နေရာအနှံ့အပြားမှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးနစ်မြုပ်မှုတွေမှာ ဖားကန့်ဒေသ ရေဘေးအလှူငွေအဖြစ် အဲဒီ (CSR)ရန်ပုံငွေမှ ငွေကျပ်သန်း ၂၀၀ ပေးအပ်ခဲ့ပါတယ်။

**မေး ။ ။ ကျောက်မျက်ရတနာတူးဖော်တဲ့ဒေသတွေမှာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေကိုလည်း ရှင်းပြပေးပါ။**

ဖြေ ။ ။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေဖို့အတွက် ကုမ္ပဏီအလိုက်၊ မော်အလိုက်၊ လုပ်ကွက်အလိုက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်တွေ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

မြေစာစွန့်ပစ်စုပုံခြင်းလုပ်ငန်းအပါအဝင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအားလုံးမှာ **ဘေးအန္တရာယ်ကင်းရှင်းစေဖို့အတွက် တူးဖော်ရာမှာ လှေကားထစ်ပုံသဏ္ဌာန်တူးဖော်စေခြင်း၊ အန္တရာယ်ရှိတဲ့ ကမ်းပါးယံတွေအနီးမှာ အဆောက်အအုံတွေဆောက်လုပ်နေထိုင်မှုမရှိစေခြင်း၊ လုပ်ငန်းခွင်ဝင်/ထွက်လမ်းကြောင်းတွေကို မြေသားတည်ငြိမ်ကျစ်လျစ်မှုရှိအောင် ဆောင်ရွက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းချိန်တွေမှာ မြေပြိုလေ့ရှိတတ်တဲ့အတွက် တူးဖော်မှုလုပ်ငန်းတွေနဲ့ မြေစာစွန့်ပစ်မှုလုပ်ငန်းတွေကို ရပ်နားထားစေခြင်းနဲ့ ပြိုကျနိုင်တဲ့နေရာတွေ၊ ဘေးအန္တရာယ်ဖြစ်ပွားနိုင်တဲ့နေရာတွေမှာ "ကန့်သတ်ဧရိယာ"၊ "မသွားရဧရိယာ"ဆိုင်းဘုတ်တွေ စိုက်ထူစေခြင်း စတဲ့ ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရမယ့်အချက်တွေကို ကုမ္ပဏီတွေက လိုက်နာဆောင်ရွက်သွားနိုင်ဖို့အတွက် အနီးကပ်ကြပ်မတ်လျက်ရှိပါတယ်။**

**မေး ။ ။ ယခု ပွင့်လင်းရာသီမှာ ကျောက်စိမ်းတူးဖော်တဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာတဲ့ အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ၂၀၁၂ ခုနှစ် မေ ၃၁ ရက်မှာ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းတွေကို ရပ်နားထားခဲ့ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှာ ပြန်လည်လုပ်ကိုင်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ ကျောက်စိမ်းတူးဖော်မှု ရပ်နားကာလ နှစ်နှစ်ကျော်ကြာမြင့်ခဲ့တဲ့အတွက် ပြန်လည်တူးဖော်ခွင့်ပြုတဲ့အခါမှာ တူးဖော်ရေးလုပ်ငန်းတွေကို ချက်ချင်းစတင်နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

ရပ်နားခဲ့တဲ့ကာလမှာ ရပ်ထားခဲ့ရတဲ့ ယာဉ်၊ ယန္တရားတွေကို ပြန်လည်ပြင်ဆင်မွမ်းမံတာ၊ နေရပ်အသီးသီးကိုပြန်သွားခဲ့တဲ ကုမ္ပဏီဝန်ထမ်းတွေကို ပြန်လည်စုစည်းရတာတွေကြောင့် ကုမ္ပဏီအများစုဟာ လုပ်ငန်းခွင်ပြင်ဆင်ချိန် အနည်းဆုံး ခြောက်လခန့် ကြာမြင့်ခဲ့ကြပါတယ်။ လုပ်ငန်းခွင်အတွက် ပြင်ဆင်မှုလုပ်ရင်းနဲ့ မိုးတွင်းကာလရောက်လာတဲ့အတွက် အင်အားပြည့်တူးဖော်ထုတ်လုပ်နိုင်မှု မရှိခဲ့ပါဘူး။ အခု ၂၀၁၅ ခုနှစ် ပွင့်လင်းရာသီရောက်မှသာ လုပ်ငန်းတွေ ပြန်လည်ပြီး ပုံမှန်လည်ပတ်လုပ်ဆောင်နိုင်တာဖြစ်ပါတယ်။



လုံးခင်း၊ ဖားကန့်ဒေသတွင် ကျောက်စိမ်းများ တူးဖော်ထုတ်လုပ်နေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတ္တုတွင်း)

## တူးဖော်ပြီး မြေစာတွေကို စွန့်ပစ်ရာမှာလည်း ယခင်က လုပ်ကွက်အနီးမှာ စွန့်ပစ်နိုင်ပေမယ့် ယခုအချိန်မှာတော့ စွန့်ပစ်မြေစာပုံတွေကို လူနေရပ်ကွက်၊ ကျေးရွာတွေနဲ့ ဝေးကွာတဲ့နေရာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ နေရာတွေကို ရွေးချယ်ပြီး နေရာသတ်မှတ်စွန့်ပစ်

ကျောက်စိမ်းတူးဖော်ရာမှာ ယခင်က အနက်ပေ ၂၀၀ နဲ့ ၃၀၀ ခန့်မှာ တူးဖော်ထုတ်လုပ်နိုင်ခဲ့ကြပေမယ့် ကျောက်ကြောအခြေအနေအရ အနက်ပေ ၅၀၀ ခန့်ကနေ ပေ ၁၀၀၀ ခန့်အထိ တူးဖော်ထုတ်လုပ်လာရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် **တူးဖော်ပြီး မြေစာတွေကို စွန့်ပစ်ရာမှာလည်း ယခင်ကလုပ်ကွက်အနီးမှာ စွန့်ပစ်နိုင်ပေမယ့် ယခုအချိန်မှာတော့ စွန့်ပစ်မြေစာပုံတွေကို လူနေရပ်ကွက်၊ ကျေးရွာတွေနဲ့ ဝေးကွာတဲ့နေရာ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိတဲ့နေရာတွေကို ရွေးချယ်ပြီး နေရာသတ်မှတ်စွန့်ပစ်**စေတာကြောင့် အပေါ်ယံမြေစာဖယ်ရှားစွန့်ပစ်တဲ့လုပ်ငန်းကို အချိန်အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ရပါတယ်။

ကျောက်စိမ်းတူးဖော်ထုတ်လုပ်တဲ့လုပ်ငန်းဆိုတာ အပေါ်ယံမြေလွှာကို ရှေးဦးစွာဖယ်ရှားပြီးမှ ကျောက်ကြောပါမြေစာကို တူးဖော်ထုတ်လုပ်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် အပေါ်ယံမြေစာကို မိုးတွင်းကာလမရောက်မီ အချိန်မီဖယ်ရှားနိုင်မှသာ ကျောက်ကြောကို တူးဖော်ရတာဖြစ်လို့ ရင်းနှီးမြှုပ်နှံမှုကြီးမားစွာမြှုပ်နှံရတဲ့လုပ်ငန်းဖြစ်ပြီး ကုမ္ပဏီတွေအနေနဲ့ ပွင့်လင်းရာသီမှာ အချိန်ကိုက်တွက်ချက်ပြီး တူးဖော်လုပ်ကိုင်ကြခြင်းသာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ၊ တက္ကသီလဟိတဓရ(ရန်ကုန်)၏ ဒုတိယအကြိမ်ဝန်ဆောင်စုံညီအစည်းအဝေးနှင့် ဩဝါဒခံယူပွဲ အကြိုဓမ္မသဘင်တရားပွဲများကျင်းပမည်

**ရန်ကုန်  ဒီဇင်ဘာ  ၁၈**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ တက္ကသီလဟိတဓရ (ရန်ကုန်)၏ ဒုတိယအကြိမ်ဝန်ဆောင်စုံညီအစည်းအဝေးနှင့် ဩဝါဒခံယူပွဲကို ၃-၁-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် လည်းကောင်း၊ အကြိုဓမ္မသဘင်တရားပွဲများအဖြစ် ၃၁-၁၂-၂၀၁၅ ရက်တွင် ဝေါဆရာတော် ဦးသုမင်္ဂလ၊ ၁-၁-၂၀၁၆ ရက်တွင် မေတ္တာအေးဆရာတော် ဦးသုဇာတ၊ ၂-၁-၂၀၁၆ ရက်တွင် မနာပဒါယီဆရာတော် ဦးဝိစိတ္တတို့က ညစဉ် ၇ နာရီမှ ၉ နာရီခွဲအထိ တရားရေအေး အမြိုက်ဆေးများဟောကြားခြင်းများကို လည်းကောင်း၊ တရားပွဲမကျင်းပမီ ဆရာတော်များက သာသနာပြုအတွေ့အကြုံများအား အလှည့်ကျဆွေးနွေးခြင်းတို့ကိုလည်းကောင်း ကမ္ဘာအေးကုန်းမြေရှိ ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အများပြည်သူများအနေဖြင့် ကုသိုလ်ပြုကြည်ညိုသဒ္ဓါပွားများကာ တရားနာကြွရောက်နိုင်ရန်နှင့် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သင်ကြား/စီမံဆရာတော်များနှင့် စာပေသင်ယူခဲ့ကြသည့် သင်တန်းသားအဟောင်းများ ကြွရောက်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ်အတွက် ပြည်ပမှတင်သွင်းခွင့်ပြုသောယာဉ်များ၏ ထုတ်လုပ်သည့်ခုနှစ် Model Year သတ်မှတ်ဆောင်ရွက်

**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် မော်တော်ယာဉ်ဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ(က)အရ ပြည်ပမှ တင်သွင်းသည့် မော်တော်ယာဉ်အမျိုးအစားထုတ်လုပ်သည့်ခုနှစ်နှင့် အရေအတွက်သတ်မှတ်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရေးနှင့် လက်ယာမောင်းစနစ်နှင့် ကိုက်ညီသည့်ဘယ်မောင်းယာဉ်များ အသုံးပြုနိုင်ရေးတို့ကိုရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ် ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ်များ တင်သွင်းခြင်းတွင် ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့်ခုနှစ်အား အောက်ပါအတိုင်း သတ်မှတ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်-

(က) **ယာဉ်အို ယာဉ်ဟောင်း အစားထိုးယာဉ်လျှောက်ထားမှု**ကို လူစီးမော်တော်ယာဉ်များ (၂၀၀၆ ခုနှစ်မှ၂၀၁၃ ခုနှစ်အတွင်း)၊ **ကုန်တင်**ယာဉ်များ(၂၀၀၆ ခုနှစ်မှ၂၀၁၃ ခုနှစ်အတွင်း)၊ ခရီးသည်တင်ယာဉ်များ (၂၀၀၆ ခုနှစ်မှ၂၀၁၃ခု နှစ်အတွင်း)၊

( ခ ) **နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော လူပုဂ္ဂိုလ်တစ်ဦးချင်း၊ ပို့ကုန်/သွင်းကုန်ကုမ္ပဏီများ၊ နိုင်ငံခြားရေးဝန်ထမ်းများ၊ သင်္ဘောသားများ၊ ပြည်ပအလုပ်သမားများ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်သံဝန်ထမ်းများ၊ ဟိုတယ်/ခရီးလုပ်ငန်းရှင်များ မော်တော်ယာဉ်လျှောက်ထားမှု**ကို လူစီးမော်တော်ယာဉ်များ (၂၀၁၄ ခုနှစ်မှ၂၀၁၆ ခုနှစ်အတွင်း)၊ ကုန်တင်ယာဉ်များ (၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊ ခရီးသည်တင်ယာဉ်များ (၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊

(ဂ) **တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ထောက်ခံချက်ဖြင့် Taxi လျှောက်ထားမှု**ကို လူစီးမော်တော်ယာဉ်များ (၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊

(ဃ) **ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု (FOC စနစ်ဖြင့် ပြည်ပက လှူဒါန်းသည့် မော်တော်ယာဉ်ပါမစ်လျှောက်ထားမှု)**ကို လူစီးမော်တော်ယာဉ်များ (၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊ ကုန်တင်ယာဉ်များ(၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊ ခရီးသည်တင်ယာဉ်များ (၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊ လုပ်ငန်းသုံးယန္တရားများ (၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း) မီးသတ်ယာဉ် (၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊ သူနာတင်ယာဉ် (၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် အတွင်း)၊ နိဗ္ဗာန်ယာဉ်(၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊ သာသနာရေးယာဉ်များ (၂၀၁၄ ခုနှစ် မှ ၂၀၁၆ ခုနှစ်အတွင်း)၊

( င ) **အစိုးရဌာနများမှ မော်တော်ယာဉ်တင်သွင်းခြင်းကို** လူစီးမော်တော်ယာဉ်များ (၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊ ကုန်တင်ယာဉ်များ(၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊ ခရီးသည်တင်ယာဉ်များ (၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း)၊

၂၀၁၆ ခုနှစ်တွင် တင်သွင်းမည့် ယာဉ်များတွင် ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံပြီး တင်သွင်းမည့် လူစီးယာဉ်များအတွက် ဘယ်မောင်း/ညာမောင်း မခွဲခြားဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျန်ကုန်တင်ယာဉ်အုပ်စု (တင်အားတစ်တန်နှင့်အထက် ကုန်တင်ယာဉ်များအပါအဝင်) ခရီးသည်တင်ယာဉ် Bus အုပ်စုယာဉ်များ (Mini Bus,City Bus, Express Bus ယာဉ်များ) ကိုလည်းကောင်း၊ စာပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)၊ (င) များဖြင့် တင်သွင်းခွင့်ပြုမည့်ယာဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ကျင့်သုံးသည့် လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသော အသုံးမပြုရသေးသည့်ယာဉ် (Brand New Vehicle) ဘယ်စတီယာရင်ယာဉ်များသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**



## လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်

**ရန်ကုန်  ဒီဇင်ဘာ  ၁၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပညာပေးသင်တန်းကို ယနေ့နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားရင်ပြင်ပေါ် အောင်ဓမ္မာရုံ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် တိုင်းဒေသကြီး/ ခရိုင်အဆင့် ဆရာ ဆရာမများက ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီးမုံရွာမြို့ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဂါရဝ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် သီတင်းအရှေ့ရွာ ခမည်းတော် ဦးစံအုပ်-မယ်တော် ဒေါ်ဖွားမြတို့က ၁၂၉၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်တွင် ခမည်းတော်-မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၁၂ ခုနှစ်တွင် မုံရွာမြို့ မဟာဇောတိကာရာမတိုက် ခဏ္ဍာသိမ်၌ ယင်းကျောင်းတိုက် နာယကဆရာတော်ဘဒ္ဒန္တဥတ္တမသာရကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့ ကူးတို့မြောက်ရပ် ရွှေဖလားဆန်စက်ပိုင် ဦးလှမောင်-ဒေါ်ကျားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့သည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် သီတင်းအရှေ့ရွာ ရုပ်စုံကျောင်းဆရာတော် ဦးနရိန္ဒထံတွင် လည်းကောင်း၊ မုံရွာမြို့ မဟာဇောတိကာရာမတိုက် ဒုတိယနာယက ဆရာတော်ကြီး ဦးဥတ္တမသာရနှင့် တိုက်အုပ်ဆရာတော်ဦးအာဒိစ္စ၊ တိုက်ကြပ်ဆရာတော် ဦးဝီရိယထံတွင် လည်းကောင်း၊ တတိယနာယကဆရာတော် ဦးစန္ဒောဘာသထံတွင် လည်းကောင်း၊ မန္တလေးမြို့ ရွှေရေးဆောင်တိုက် ဆရာတော် ဦးပဏ္ဍဝ၊ ဘုရားကြီးတိုက်ဆရာတော် ဦးနာရဒ၊ ဆရာတော်ဦးကြယ်တို့ထံတွင် လည်းကောင်း ပိဋကတ်သုံးပုံ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအစုံတို့ကို သင်ယူဆည်းပူးခဲ့သည်။ မန္တလေးမြို့ မော်ဒန်ကျောင်း၌ အင်္ဂလိပ်စာ ဂဏန်းသင်္ချာစသော လောကီပညာရပ်များကို သင်ယူခဲ့ပြီး မုံရွာမြို့ ဟိန္ဒူပဏ္ဍိတ်များထံတွင် ဟိန္ဒူဘာသာနှင့် သက္ကတဘာသာများကိုလည်း သင်ယူခဲ့သည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မုံရွာမြို့ မဟာဇောတိကာရာမတိုက်၊ ရိုးရိုးစာချ ပါဠိတက္ကသိုလ် ကထိကစာချ၊ အစိုးရဓမ္မာစရိယ စာမေးပွဲများတွင် တာဝန်ခံအကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ စာဖြေဌာန အထူးစုံစမ်းရေးတာဝန်ခံ၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ပထမပြန်စာမေးပွဲကျမ်းစာပြဋ္ဌာန်းချက်များပြင်ဆင်ခြင်းစသော ပညာရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ ၁၃၄၂ ခုနှစ်မှ ၁၃၅၆ ခုနှစ်အထိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယက တာဝန်များကိုလည်းကောင်း၊ ၁၃၇၁ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတော် ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် အများပြည်သူ၊ ရဟန်း၊ ရှင်၊ လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးနှင့် ပြည့်စုံခြင်းစသည့် ဂုဏ်အင်္ဂါတို့နှင့် ကုံလုံ ပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တဂါရဝအား ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါအရ ၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၆ ရက် (၁၇-၁၂-၂၀၁၅) ကြာသပတေးနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**


## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၉၉၀၊ ချောင်းသာကွင်းဦးပိုင်အမှတ် [င-၁၀(က)]၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ မြေအား ဒေါ်ဝင်းလှဲ့ရည်မွန်က မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက် ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ရန်ကုန်တိုင်းဒေသကြီး တင်ဒါဖွင့်ပွဲရက်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိသည့် ပိုင်ရှင်မဲ့/လိုင်စင်မဲ့ မော်တော်ယာဉ်များအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရန် ၂၃-၁၁-၂၀၁၅ရက် နေ့စဉ်ထုတ်သတင်းစာများတွင် ဈေးပြိုင်တင်ဒါခေါ်ယူခဲ့ရာ တင်သွင်းထားသည့်တင်ဒါများအား အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**နေ့ရက်** - ၂၀-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၈နာရီ
**နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(စာပေးစာယူဌာန)

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**


ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာလမ်း၊ အမှတ် ၁၃/Q နေ ဦးအေးကို-ဒေါ်နုနုခင် (MYANMAR KAIDO CO.,LTD.) မိသားစုမှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း(ရန်ကုန်)သို့ အလှူငွေကျပ် ငါးသိန်းနှင့်ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ဆေးဝါးမျိုးစုံကို လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံရယူခဲ့သည်။



# မဲခေါင် ပန်းချီပြပွဲနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဆုရပန်းချီပညာရှင်များအားဖိတ်ကြား

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ထိုင်းနိုင်ငံ မဟာဆာရာခမ်း တက္ကသိုလ်က ၂၀၁၄ ခုနှစ်အတွင်း အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ လာရောက်၍ တတိယအကြိမ်မြောက် မဲခေါင်ဒေသ ခေတ်ပြိုင် ပန်းချီပြပွဲ ပြိုင်ပွဲတွင် ပါဝင်ရန် ဆွေးနွေးကမ်းလှမ်းခဲ့သည်။ ပြိုင်ပွဲအတွက် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပန်းချီပညာဌာန၏ စီစဉ်မှုဖြင့် ပန်းချီ (၄၂)ကား ပေးပို့ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပန်းချီ သန်းထိုက်(မြန်မာစာ)က အထူးဂုဏ်ပြုဆု ရရှိခဲ့သည်။

၂၀၁၅ ခုနှစ် ဩဂုတ်လတွင် မဟာဆာရာခမ်း တက္ကသိုလ်၏ ဖိတ်ကြားချက်အရ ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာနန္ဒာမွှန်းနှင့် ပန်းချီပါမောက္ခ ဦးမြတ်ထွန်းအောင်တို့သည် The Forum on Art Network Development (ASEAN FORUM ON FINE ART) စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် အနုပညာများအကြောင်း ပါဝင်ဖတ်ကြားခဲ့သည်။ ဆက်လက်၍ စတုတ္ထအကြိမ် မဲခေါင် ခေတ်ပြိုင်ပန်းချီပြပွဲ ကိစ္စရပ်များ အကြိုညှိနှိုင်းစည်းဝေးခဲ့ကြသည်။


လေးစားထိုက်သော ပန်းချီပညာရှင်ဆုရ မောင်မောင်ယဉ်မင်း၏ လက်ရာပန်းချီကား။


ဂုဏ်ထူးဆောင် ပန်းချီပညာရှင်ဆုရ ပန်းချီကျော်လှမောင် လက်ထောက်ကထိက (ပန်းချီ)၏ လက်ရာပန်းချီကား။


လူငယ် ပန်းချီပညာရှင်ဆုရ ပန်းချီမောင်ကျော်ဇော(နည်းပြ) အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၏ လက်ရာပန်းချီကား။

၂၀၁၆ ခုနှစ် မဲခေါင်ဒေသဆိုင်ရာ ခေတ်ပြိုင်ပန်းချီပြပွဲအတွက် လေးစားထိုက်သော ပန်းချီပညာရှင်ဆု၊ ဂုဏ်ထူးဆောင် ပန်းချီပညာရှင်ဆု၊ လူငယ်ပန်းချီ အနုပညာရှင်ဆု ရွေးချယ်ရေးကော်မတီဖွဲ့ပြီး ပဏာမ ရွေးချယ်၍ နောက်ဆုံးဆန်ခါတင် လက်ရာများ ရွေးချယ်ရန်အတွက် မဟာဆာရာခမ်းတက္ကသိုလ် Faculty of Fine and Applied Arts ဌာနမှ Asso: Professor Dr. Supachai Singyabuth နှင့် အဖွဲ့ဝင်များ နိုဝင်ဘာ ၂၇ ရက်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ လာရောက်ပြီး မြန်မာကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ အပြီးသတ်ရွေးချယ်ခဲ့သည်။

ရွေးချယ်ခဲ့သော ဆုရပန်းချီပညာရှင်များတွင် လေးစားထိုက်သောပန်းချီပညာရှင်ဆုအဖြစ် ပန်းချီမောင်မောင်ယဉ်မင်း၏ သီတာရာမ-သမင်လိုက်ပန်းချီကား (ဆီဆေး)၊ ဂုဏ်ထူးဆောင် ပန်းချီပညာရှင်ဆုအဖြစ် ပန်းချီကျော်လှမောင် လက်ထောက်ကထိက (ပန်းချီ)၏ မြန်မာစစ်ဘုရင်ကစားသူ(အခရိုက်လစ်ဆေး)၊ လူငယ်ပန်းချီပညာရှင်ဆုအဖြစ် ပန်းချီမောင်ကျော်ဇော (နည်းပြ) အနုပညာ အထက်တန်းကျောင်း(ရန်ကုန်)၏ မြန်မာကျေးလက်သမီးပျို လက်ရာများကို ရွေးချယ်အတည်ပြုခဲ့သည်။

ဆုရပန်းချီပညာရှင် သုံးဦးနှင့် ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင် ဦးမြတ်ထွန်းအောင်၊ ပါမောက္ခ(ပန်းချီ) နှင့် ပန်းချီမွန်သက်(ဦးသက်ဦး)တို့ကို မဲခေါင်ပန်းချီပြပွဲ၊ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။ ပန်းချီပညာရှင် ငါးဦးသည် ထိုင်းနိုင်ငံ မဟာဆာရာခမ်းတက္ကသိုလ်၌ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် 4th CLMTV Contemporary Art Awards ဆုပေးပွဲ အခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

---

**✻ ရွှေဖုံးမှ**

ချင်းပြည်နယ်နှင့် မီဇိုရမ်ပြည်နယ် နယ်စပ်သည် ချောင်းနှင့်ကုန်းမြေဖြင့် နယ်နိမိတ်ပိုင်းခြားထားကာ ယခုလက်ရှိတွင် ရိဒ်နယ်စပ်ကုန်သွယ်ရေးနှင့် ထန်တလန်နယ်စပ်ကုန်သွယ်ရေး(ယာယီ) စခန်းနှစ်ခုအားဖြင့် တရားဝင်ကုန်သွယ်ရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိကြသည်။

ရိဒ်ကုန်သွယ်ရေးစခန်းသည် မြန်မာနိုင်ငံအတွင်းရှိ ကုန်သွယ်ရေးစခန်း ၁၅ ခုအနက် ဘဏ္ဍာနှစ်ပထမသုံးလပတ်ကာလ (ဧပြီ၊ မေ၊ ဇွန်)အတွင်း၌ ကုန်သွယ်မှုလျာထားချက်အပေါ် အများဆုံးဆောင်ရွက်နိုင်သည့်အဆင့်(၁) နေရာရရှိထားသည်ဟု ရိဒ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေး၏ စာရင်းအရ သိရသည်။

ထို့အပြင် ရာနှုန်းပြည့်ထက် ကျော်လွန်အောင်ဆောင်ရွက်နိုင်သော စခန်းများအလိုက် ထိပ်ဆုံးတွင် နေရာယူထားသော ကုန်သွယ်ရေးစခန်းတစ်ခုလည်းဖြစ်သည်။

ယခုကဲ့သို့ ကုန်သွယ်ရေးပိုင်းတွင် တိုးတက်မြင့်မားလာသော်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းကို ရှောင်ကွင်း၍ဖြစ်စေ၊ တရားမဝင်လမ်းကြောင်းမှဖြစ်စေ တစ်ဖက်မီဇိုရမ်ပြည်နယ်ဘက်သို့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုများရှိနေခြင်းသည် ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းအတွက် စိုးရိမ်စရာအနေအထားတွင် ရှိလာနိုင်ကြောင်း သိရသည်။

Mizoram Chamber of Industries ဥက္ကဋ္ဌ ကဲလားမှီထန်းငါက မြန်မာနိုင်ငံဘက်မှ နယ်စပ်ကားလမ်းများသည် အလွန်ဆိုးရွားနေသော်လည်း မီဇိုရမ်ပြည်နယ်ကို ဖြတ်ကျော်ပြီး တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများမှာ လျော့ကျသွားခြင်းမရှိဘဲ ပိုမိုမြင့်တက်လာနေဆဲဖြစ်သည်ဟု ဆိုသည်။

တရားမဝင်ကုန်သွယ်မှုလုပ်ငန်းအပါအဝင် အိန္ဒိယ-မြန်မာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်လုပ်ငန်းအားလုံး၏ ၃၀ ရာခိုင်နှုန်းနီးပါးသည် မီဇိုရမ်ပြည်နယ်မှတစ်ဆင့် ဆောင်ရွက်နေသည်ဟု ၎င်းက ဆက်လက်ပြောပြသည်။

အထူးသဖြင့် အဆိုပါစခန်းအနီးတစ်ဝိုက်တွင် တရားမဝင်ကုန်သွယ်ရေး ရှောင်ကွင်းလမ်းကြောင်း လေးနေရာခန့်ရှိနေပြီး အဆိုပါလမ်းကြောင်းသည် ကုန်ပစ္စည်းများ အဓိကသယ်ယူပို့ဆောင်ကြသည့် လမ်းကြောင်းလည်းဖြစ်သည်ဟု လျှန်နာဒေသခံများက ပြောကြသည်။

တရားမဝင်နယ်စပ်ဖြတ်ကျော်ကုန်ပစ္စည်းများ ကူးသန်းရောင်းဝယ်မှုကြောင့် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ၁၃ မှု၊ စုစုပေါင်းတန်ဖိုး အိန္ဒိယရူပီးငွေ ၁၂၉ သိန်းသိမ်းဆည်းနိုင်ခဲ့ကြောင်း မီဇိုရမ်ပြည်နယ် Custom Preventive Force ၏ အစီရင်ခံစာတစ်ခုတွင် ဖော်ပြသည်။

မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ ချင်းပြည်နယ်အတွင်း အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ခုနစ်ခုရှိသည်ဟုသိရပြီး ယင်းအနက် ရိဒ်-တီးတိန်-ကလေးလမ်း၊ ဟားခါး-ဖလမ်း-ရိဒ်လမ်းနှင့် ဟားခါး-ထန်တလန်-ဆိုင်ဆီခြောက်လမ်း စသည့်လမ်းကြောင်း သုံးခုကို အသုံးပြုကာ ကုန်သွယ်မှုပြုလုပ်လျက်ရှိသည်။

လက်ရှိတွင် ချင်းပြည်နယ်အတွင်းရှိ မီဇိုရမ်ပြည်နယ်နှင့် ချိတ်ဆက်သွားလာနိုင်သည့်လမ်းများမှာ ကလေး-တီးတိန်-ရိဒ်လမ်း၊ ဟားခါး-ဖလမ်း-ရိဒ်လမ်း၊ ဟားခါး-ထန်တလန်-ဆိုင်ဆီခြောက်လမ်း၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ ထန်တလန်-ဇန်ကန်-တလန်လိုလမ်း၊ ဂန့်ဂေါ-ရေဇွာ-လိုင်လင်းသဲလမ်း၊ ထန်တလန်-လုံလဲရ်-ဘုန်ခွာလမ်းတို့ဖြစ်သည်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဇိုခွာထာကုန်းမြေအကောက်ခွန်စခန်း (Zokhawthar Land Custom Station)မှတစ်ဆင့် Import Duty ပမာဏ အိန္ဒိယရူပီးငွေသိန်းပေါင်း ၇၃ ဒသမ ၉၃ ရရှိခဲ့သည်ဟု အိုင်ဇောအကောက်ခွန်ဌာန တာဝန်ရှိသူများထံမှ သိရသည်။

မြန်မာနိုင်ငံ မြေတိုင်းဦးစီးဌာန၏ မြန်မာ-အိန္ဒိယ မြေပုံ(UTM)တစ်ခုအရ မီဇိုရမ်-ချင်းပြည်နယ် နယ်စပ်တစ်လျှောက်တွင် နယ်စပ်ဖြတ်ကျော်သွားလာနိုင်မည့်လမ်းကြောင်း ၂၅ ခုခန့်ရှိသည်ဟု လေ့လာတွေ့ရှိခဲ့သည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ချင်းပြည်နယ် ရိခေါဒါနမြို့နယ်ခွဲတွင် နယ်စပ်ကုန်သွယ်ရေးဂိတ်နှင့် ထန်တလန်မြို့နယ် ဆိုင်ဆီခြောက်ရွာတွင် နယ်စပ်ကုန်သွယ်ရေးဂိတ်များ ဖွင့်လှစ်ပြီး တရားမဝင် လူဝင်/ထွက်မှု၊ ကုန်ပစ္စည်းဝင်/ထွက်မှုများမရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်း၍ စီမံချက်များရေးဆွဲဆောင်ရွက်စစ်ဆေးလျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

ယင်းကဲ့သို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြသော ကုန်သည်များအနေဖြင့် တရားဝင်ဖွင့်လှစ်ထားသော နယ်စပ်ကုန်သွယ်ရေးစခန်းများကို ပိုမိုအလေးထားလာပြီး မကြာခဏ ကြုံတွေ့နေသောအခက်အခဲများကို ဖယ်ရှားပေးရေးနှင့် တရားဝင်ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ဆောင်လာစေရေးအတွက် သက်ဆိုင်ရာနှစ်နိုင်ငံဝန်ကြီးဌာနများမှလည်း ကူညီဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်သည်။

ယခုလက်ရှိ အိန္ဒိယ-မြန်မာ နယ်စပ်လမ်းကြောင်းခုနစ်ခုကို နိုင်ငံတကာနှင့်ချိတ်ဆက်နိုင်မည့် ကုန်သွယ်ရေးစခန်းများအဖြစ် ဖွင့်လှစ်မြှင့်တင်ရန် စီစဉ်ထားခြင်းမရှိသေးသော်လည်း လက်ရှိအသုံးပြုနေကြသော နယ်စပ်ကားလမ်းများကို ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း ကုန်သည်များကဆိုသည်။

**(မြန်မာ့အလင်း)**

---

## ကွန်ကရစ်တံတားပြီးစီးမှု စစ်ဆေး

**လေးမျက်နှာ ဒီဇင်ဘာ ၁၈**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် လေးမျက်နှာမြို့နယ်အတွင်း ခိုင်သစ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် သဲနုကုန်း-နတ္ထမင်းကုန်း ကွန်ကရစ်တံတား (၂၀× ၁၅×၈)ပေ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးနှင့် မြို့နယ်ဖွံ့ထောက်ကော်မတီဝင်များက ဒီဇင်ဘာလ ဒုတိယပတ်က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ တံတားဆောင်ရွက်ပြီးစီးပါက သဲနုကုန်းကျေးရွာနှင့် လှော်ကထားကျေးရွာအတွင်းရှိ ကျေးရွာသူ ကျေးရွာသား ၆၂၃၇ ဦးအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စွာအသုံးပြုနိုင်မည်ဖြစ်သည်။

**(မြန်မာ့အလင်း)**


**ထားဝယ်သဇင်ပန်း**

ပန်း/စိုက်ပြီး သဇင်တိုင်/ တိုင်လွတ်
၅၃၅၊ သုမင်္ဂလာလမ်း၊
(၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊
ဖုန်း-၀၁-၅၆၀၅၆၇၊၀၉-၂၅၂၆၉၀၄၀၀

**မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ**

(အထက) ကရင်ချောင်းကျောင်း၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို
၂-၁-၂၀၁၆ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့်
ဆရာကြီး၊ ဆရာမကြီးများမှ ကြွရောက်ချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာဖြင့်
ကျောင်းသား/သူဟောင်းများမှ ဂါရဝရှေ့ထားပြီးဖိတ်ကြားအပ်ပါသည်။
ဆရာကြီး၊ ဆရာမကြီးများခင်ဗျား

**အကြိုအပို့အစီအစဉ်။** ။ ၂-၁-၂၀၁၆ရက် နံနက် ၆ နာရီတွင် (၁)သခင်မြပန်းခြံ၊ (၂) မြေနီကုန်းလမ်းဆုံ၊ (၃) အင်းစိန်၊ ပေါက်တော‌ဝ မီးပွိုင့်လမ်းဆုံတို့တွင် ကားများဖြင့် လာရောက်စောင့်ကြိုနေမည် ဖြစ်ပါသည်။
**တွံတေးမြို့** - နာရီစင်အနီး၊ ဇောဆိပ်တံတားတွင် သင်္ဘောများဖြင့် စောင့်ကြိုနေမည် ဖြစ်ပါသည်။
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၅၁၇၇၈၅၅၊ ၀၉-၄၂၀၁၉၄၆၅၆၊ ၀၉-၄၅၈၀၃၄၈၉၂၊ ၀၉-၄၂၂၄၇၂၁၂၃

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
(အထက) ကရင်ချောင်း

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ မဂျူးဂျူးအေး(ခ)မစုအေးအောင် ၉/နထက(နိုင်)၁၂၈၄၂၂ မှာ တစ်ဦးတည်း ဖြစ်ပါသည်။
ဂျူးဂျူးအေး(ခ)မစုအေးအောင်

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊အထက-သနပ်ပင်တက္ကသိုလ်ဝင်တန်း(F)မှ မသင်းသင်းဝေ၊ တက္ကသိုလ်ဝင်တန်း(E)မှ မဆုမြတ်နွယ်၊ သတ္တမတန်း(C)မှ မနွဲ့နှောင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဟိုး ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယဉ်အမှတ် 4G/2644, Isuzu Concrete Pump Truck (6x4)L ယာဉ် လက်ဝယ်ရှိသူ The Traders Ltd မှ(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) (ရွာသာကြီး) ရန်ကုန်မြို့

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စိုးမင်းထွေး ၁၂/ဗဟန(နိုင်)၀၈၄၁၃၉၏ SID လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၈၆၉၂၆

**7Stars**(ရာထူးဝင်သင်တန်းကြီး)
☆ ကျူတာ ဝင်ခွင့် (တန်းခွဲများအားလုံး ခပြ)
အပြည့်စုံဆုံးမှတ်စုများ ရောင်းချပေးနေပါပြီ ။
နယ်သို့ပို့ပေးသည် ။
တိုက်(18 / 3B) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လှိုင်) မရှိပါ ။
09.789107733, 09.780080052, 09421052736, 09.799860155



# ဂန့်ဂေါတွင် နံနက်စောပိုင်း လက်ဖက်ရည်ဆိုင်မီးလောင်



**ဂန့်ဂေါ ဒီဇင်ဘာ ၁၈**

ဂန့်ဂေါမြို့ မြို့မရပ်ကွက် ကောင်းကင်သစ်လက်ဖက်ရည်ဆိုင်တွင် ဒီဇင်ဘာ ၁၈ ရက်က ဆိုင်ဖွင့်ရန် ဆီအိုးမီးတည်ရာမှ အပူရှိန်လွန်ကဲပြီး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အဆိုပါလက်ဖက်ရည်ဆိုင်မှ မုန့်ဆရာ တင်မောင် (၂၂ နှစ်)သည် ဆိုင်ဖွင့်ရန် ဆီမီးအိုးတည်ရာမှ အပူရှိန်လွန်ကဲ၍ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ရာသို့ မီးသတ်ယာဉ်ငါးစီး၊ သစ်ထုတ်ရေးဌာနပိုင်ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးပြီး နံနက် ၅ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်တစ်စုံတစ်ရာ ထိခိုက်သေဆုံးမှုမရှိဘဲ လက်ဖက်ရည်ဆိုင်နှင့် လူနေအိမ်ဆုံးရှုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဂန့်ဂေါမြို့မစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း-(၁၀၁)၊ ဓာတ်ပုံ-ကြီးမြင့်နိုင်(လှိုင်ကော်)**

# သုံးရက်ဆက်တိုက် သစ်မျိုးစုံ ခုနစ်တန်ကျော် ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

**ပုလဲ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် သုံးရက်အတွင်း ပိုင်ရှင်မဲ့သစ်မျိုးစုံ ခုနစ်တန်ကျော် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲက အိုင်းမဘိနယ် စစ်ရင်ကျေးရွာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ တရားမဝင်သစ် ပိတောက်ခွဲသား ၁၇ ချောင်း (၃ ဒသမ ၄၁၆၀ တန်)ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၁၆ ရက် ညနေ ၄ နာရီက စသာကြိုးဝိုင်း အကွက်-၁၈၅ တရားမဝင်သစ် ပိတောက်ခွဲသား ၁၁ ချောင်း (၂ ဒသမ ၀၉၄၂ တန်)နှင့် ဒီဇင်ဘာ ၁၅ ရက် ည ၁၀ နာရီ ၁၅ မိနစ်က လယ်ဓမ္မဘိနယ်လဲကန်ကျေးရွာ၌ ထောက်ကြံ့ခွဲသား၂၆ချောင်း(၀ ဒသမ ၅၅၅၆ တန်)၊ နှောဓားရွေ ခြောက်ချောင်း (၀ ဒသမ ၀၁၄၆ တန်)၊ အင်ဓားရွေ တစ်ချောင်း(၀ ဒသမ ၁၃၅၀တန်) တို့ကို ပိုင်ရှင်မဲ့ဖမ်းဆီး ရမိခဲ့သည်။ ယင်းသစ်မျိုးစုံ ခုနစ်တန်ကျော်ကို မြို့နယ်သစ်တောဦးစီးဌာန၏ သစ်တောစခန်းများတွင် သိမ်းဆည်းထားရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၆ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ မော်ရှန်ရပ်ကွက်ရှိ ရွှင်ထက်အောင်ထမင်းဆိုင်ရှေ့လမ်းမပေါ်၌ တွေ့ရှိသူ ခွမ်ကျားကျိုကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိသည်။ စစ်ဆေးတွေ့ရှိချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ မော်ရှန်ရပ်ကွက်(၁)နေ အားဟုန်အား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဘုရားဖူးယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး




**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးမိုင်တိုင်အမှတ် ၈၂/၁နှင့် ၈၂/၂အကြားတွင် ဒီဇင်ဘာ ၁၇ ရက်က ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ကန်ဦးကျေးရွာနေ ယာဉ်မောင်း သိန်းကြူ (၃၀နှစ်) မောင်းနှင်လာသော လိုက်ထရပ်အဖြူရောင် 8F/---- ဘုရားဖူးယာဉ်မှာအမြန်လမ်းမကြီး မိုင်တိုင်အမှတ်၈၂/၁နှင့်၈၂/၂ အကြားတွင်ဝဲဘက်ရှေ့ဘီးနှင့် နောက်ဘီးများပေါက်သွားသဖြင့် တိမ်းမှောက်သွားရာ ယာဉ်ပေါ်လိုက်ပါလာသည့် ဦးတင်မြင့်(၅၇နှစ်) ဇီးရိုင်းရွာ ပျဉ်းမနားမြို့နယ်နေသူ သေဆုံးသွားပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

ယာဉ်မောင်း သိန်းကြူအား မြို့ချောင်း အမြန်လမ်းရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

# ရွှေတူးဖော်သည့် အင်းအတွင်း မြေပြိုကျ၍ တစ်ဦးသေဆုံး

**သပိတ်ကျင်း ဒီဇင်ဘာ ၁၈**

ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ဝက်သေကျေးရွာ ကုမ္ပဏီရွှေအင်းအတွင်း ဒီဇင်ဘာ ၁၅ ရက် ညနေ ၃ နာရီခွဲက မြေပြိုကျ၍ ရွှေအင်းလုပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ သပိတ်ကျင်းမြို့နယ် ရဲစခန်းမှူး ဒုရဲမှူး ထိန်လင်းမောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဂိုးဒင်းပွိုင့်ကုမ္ပဏီအင်းအမှတ် TWT-A5ကွက် (အင်းဝအကျယ် ခြောက်ပေပတ်လည်၊ အင်းအနက်ပေ ၃၅၀) အတွင်း အလုပ်လုပ်နေသူ စောဝင်း(၂၆နှစ်) အရှေ့ရွာ စစ်ကိုင်းနေသူက ဒေါက်သားတိုင်ထည့်နေစဉ် အမြင့်ရှစ်ပေခန့်မှ မြေသားများပြိုကျ၍ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း အတူအလုပ်လုပ်ကိုင်နေသူ ဝင်းထိုက်ဦး အနောက်ပိုင်း မိုးကုတ်မြို့နှင့် လင်းလင်းစိုး ဝက်သေကျေးရွာ သပိတ်ကျင်းမြို့နယ်နေသူတို့၏ပြောပြချက်အရ သိရသည်။

စောဝင်းသေဆုံးမှုနှင့်ပတ်သက်၍ မြို့မရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# တရားမဝင် သစ်ခွဲစက်တစ်လုံးနှင့် သစ်များ သိမ်းဆည်းရမိ

**သာစည် ဒီဇင်ဘာ ၁၈**

ဂန့်ဂေါမြို့နယ် သာစည်ကျေးရွာအနီးတစ်ဝိုက်တွင် တရားမဝင်သစ်များ၊ မီးသွေးအိတ်များနှင့် တရားမဝင်သစ်ခွဲစက်တစ်လုံးကို ဒီဇင်ဘာ ၁၇ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးရေးအဖွဲ့သည် သာစည်ကျေးရွာမြောက်ဘက် တစ်မိုင်ခန့်အကွာ မြစ်သာမြစ်ကမ်းစပ်တွင် ပျဉ်းကတိုး စုစုပေါင်း၂ ဒသမ ၇၇၇၂တန်၊ ကျွန်းသစ် ၀ ဒသမ ၇၁၂ တန်၊ သာစည်-ရဲလှရွာသွား ရွာချင်းဆက်လှည်းလမ်းဘေး၌ မီးသွေးအိတ် ၅၀ နှင့် သာစည်ကျေးရွာ အရှေ့မြောက်ဘက်တစ်မိုင်ခန့်အကွာ ဘုန်းကြီးကျောင်းဟောင်းမြေနေရာတွင် တရားမဝင်သစ်ခွဲစက်တစ်လုံးကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။ အဆိုပါပစ္စည်းများအား မြို့နယ်သစ်တောဦးစီးဌာနတွင် သိမ်းဆည်းထားရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယဉ်အမှတ် H/3106, Hino BM Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုမောင် ၁၂/ဥကမ(နိုင်)၁၅၂၂၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ (ရွာသာကြီး) ရန်ကုန်မြို့**

## ဖခင်အမည်မှန်

အေးမွန်ကျေးရွာ အထက်တန်းကျောင်းခွဲမှ မောင်ထက်ကိုအောင်၏ ဖခင်အမည်မှန်မှာ ဦးမိုးမင်းဝင်း ဖြစ်ပါကြောင်း။

**ဦးမိုးမင်းဝင်း**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် နေထိုင်သူ ဦးစိုးမင်း ၁၂/ဗတထ(နိုင်)၀၂၉၈၇၄ သည် ဒေါ်ခင်ကြည် PZDG-၀၀၀၆၉၁ နှင့် ၁၉၈၃ ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ရာ သားသမီး လေးဦးမွေးဖွားပြီးနောက် အောက်ဖော်ပြပါ ဦးစိုးမင်းအမည်ဖြင့် ပစ္စည်းများထွန်းကားခဲ့သည့်အပြင် ဇနီးဖြစ်သူနှင့် လွန်ခဲ့သော နှစ်နှစ်ကျော်မှစ၍ တစ်ဦးနှင့်တစ်ဦးစွန့်ပစ်ကွဲကွာနေသူများဖြစ်ပါသည်။

(၁) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ စက်ဘီးနှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းဝင်းအတွင်းရှိ အဆောင်(၉)၊ ဆိုင်ခန်းအမှတ် (၃)နှင့် (၆)၊ ဆိုင်ခန်းနှစ်ခန်း။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က၊ မြေကွက်အမှတ်စ/၉၈၊ ဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ ဦးစိုးမင်းအမည်ပေါက် မြေငှားစာချုပ်အရ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အောင်ဇေယျလမ်း(ယခင်အောင်ဒေဝလမ်း)၊ အမှတ် ၆၈ သံထည်ဖြင့်ဆောက်လုပ်ထားသော ဂိုဒေါင်ကြီးတစ်လုံး။

(၃) မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ဆည်ရွာအုပ်စု၊ ဆည်ရွာကျေးရွာ၊ ကွင်းအမှတ် ၇၈၊ ဦးပိုင်အမှတ် ၃၉/၂၊ ဧရိယာ ၀ ဒသမ ၄၇ ဧကရှိ ဥယျာဉ်ခြံမြေကွက်နှင့် ဂိုဒေါင်အဆောက်အအုံကြီးနှစ်လုံး။

(၄) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ မြဝတီမင်း ကြီးလမ်းနှင့် လမ်းသွယ် ၁၃ ထောင့်ရှိ ယ ၄/၆၇၊ (၆၀'×၈၀') ရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ ဂိုဒေါင်ကြီးတစ်လုံး။

(၅) မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ အောင်နန်းရိပ်အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၇၀၊ ၈၃ လမ်း၊ (၃၀×၃၁)လမ်းကြားရှိ အမှတ် ၂၈၅ (၁၈'×၇၀')ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ ခြောက်ထပ်တိုက်တစ်လုံး။ (ယင်းမြေနှင့်အိမ်သည် ဇနီးဒေါ်ခင်ကြည် အမည်ဖြင့်ထားရှိသည့် လက်ထပ်ပွားပစ္စည်းဖြစ်ပါသည်။)

အမှတ်စဉ်(၁)ပါ စက်ဘီးနှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းရှိ အခန်းအမှတ် (၃)၌ သားသမီးများဖြစ်သော ဦးမျိုးမင်းထွန်း၊ ဦးဇော်မင်းထွန်း၊ ဒေါ်စုမြတ်မင်းတို့ ကို ခေတ္တအခမဲ့သုံးစွဲခွင့်ပြုထားပြီး အခန်းအမှတ် ၆ တွင် ဦးစိုးမင်းနှင့် ဦးသိန်းထွန်းအောင်တို့ (THAI) ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပူးတွဲလုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ မြေအမည်ပေါက်ပိုင်ဆိုင်သူဖခင် ဦးစိုးမင်းက အမှတ်စဉ် (၂) (၃) (၄) စသည့်မြေကွက်သုံးကွက်ပေါ်ရှိ ဂိုဒေါင်အဆောက်အအုံ(မြေကွက်မပါ)တို့ကို ဦးမျိုးမင်းထွန်း၊ ဦးဇော်မင်းထွန်း၊ ဒေါ်စုမြတ်မင်း သားသမီးသုံးဦးတို့အား အခမဲ့ခွင့်ပြုချက်ဖြင့် ဆိုင်ကယ်ဖင်ထိုင်ခုံလုပ်ငန်းနှင့် ဆိုင်ကယ်အပိုပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချရန် လုပ်ကိုင်ခွင့်ပြုထားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ်၏ အမှုသည် ဦးစိုးမင်း၏တရားဝင် စာဖြင့် သဘောတူခွင့်ပြုချက်မရရှိဘဲ ယင်းပစ္စည်းများကို မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လျှုဒါန်းခြင်းစသည့်လွှဲပြောင်းခြင်းတစ်မျိုးမျိုး လုံးဝမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစိုးမင်း**

**ဦးစိုးမင်း၏ ညွှန်ကြားချက်အရ-**
**ဒေါ်ပပခင် LL.B (စဉ်-၇၂၀၄)**
**တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L (စဉ်-၂၉၆၀၅)**
**အထက်တန်းရှေ့နေ**
**အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**



❒ *ကျော်ဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းမှာ မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် အပျော်တမ်းစနစ်ကတည်းက အသင်းတည်ထောင်ခဲ့သည့် ကမ္ဘောဇအသင်းကို အမည်ပြောင်းလဲထားခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းကို ၂၀၁၅ ရာသီအပြီးတွင် ရှမ်းပြည်နယ်မှ လုပ်ငန်းရှင် ၁၅ ဦးဖြင့် အများပိုင်ဖွဲ့စည်းခဲ့ပြီး ရှမ်းပြည်နယ်တစ်ခုလုံး ကိုယ်စားပြုအသင်းဖြစ်စေရန် ရှမ်းယူနိုက်တက်အသင်းအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် ရှမ်းယူနိုက်တက်အသင်းတွင် ဥက္ကဋ္ဌအဖြစ် ဦးမိုးဆန်းအောင်၊ ဒုဥက္ကဋ္ဌ(၁)နှင့် CEO အဖြစ် ဦးခွန်နောင်မြင့်ဝေ၊ ဒုဥက္ကဋ္ဌ(၂)အဖြစ် ဦးလှမျိုး၊ ဒုဥက္ကဋ္ဌ(၃)အဖြစ် ဦးစောလုလုထော်တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၅ ရာသီအပြီးတွင် စာချုပ်သက်



ဦးခွန်နောင်မြင့်ဝေ ရှမ်းယူနိုက်တက်အသင်း ဒုဥက္ကဋ္ဌ(၁)နှင့် CEO။
ဓာတ်ပုံ-ဖိုးသော်ဇင်

တမ်းကုန်ဆုံးခဲ့သည့် ကစားသမားအများစုနှင့် လမ်းခွဲခဲ့ပြီး အမာခံကစားသမားအချို့ကို သက်တမ်းတိုးခဲ့သည်။ နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ဆက်လက်တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး လက်ရှိအချိန်ထိ ပြည်တွင်းကစားသမားခြောက်ဦးနှင့် နိုင်ငံခြားသား ကစားသမားသုံးဦးခေါ်ယူထားပြီးဖြစ်ကာ ကစားသမားအသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။ ပြည်တွင်း ကစားသမား ခေါ်ယူမှုအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း ဂိုးသမား သီဟစည်သူ(ရတနာပုံ)၊ ဆီးဂိမ်းငွေဆုရှင် ယူ-၂၃ အသင်းမှ ဟိန်းသီဟဇော်နှင့် နေလင်းထွန်း(ရောဝတီ)၊ ယူ-၂၁ အသင်းမှ ထိုက်ထိုက်အောင် (ရောဝတီ)၊ ရတနာပုံလူငယ်တိုက်စစ်မှူး ဇင်မင်းထွန်းနှင့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းမှ လှိုင်မျိုးအောင်တို့ကို ခေါ်ယူထားပြီး နိုင်ငံခြားသား ကစားသမားခေါ်ယူမှုအဖြစ် ပရီမီယာလိဂ်မှ QPR ကစားသမားဟောင်း အင်္ဂလန်နောက်ခံလူ ပက်ထရစ်၊ ဂီနီကွင်းလယ်လူ အလီကာမာရာ၊ ဘရာဇီးကွင်းလယ် တိုက်စစ်ကစားသမား ဂဝ်စတာဗိုတို့ကို ခေါ်ယူပြီးဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်း ဒုဥက္ကဋ္ဌ(၁)နှင့် CEO ဦးခွန်နောင်မြင့်ဝေက "ဒီအသင်းဟာ ရှမ်းပြည်နယ် ကိုယ်စားပြုပြီး MNL ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒီအသင်းကို မွေးထုတ်ခဲ့တဲ့ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းဟာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကအဖြစ် ဆောင်ရွက်နေပြီး ကိုယ်ပိုင်ကလပ်အသင်းဆောင်ရွက်ဖို့ မသင့်တော်တာကြောင့် ရှမ်းပြည်နယ်မှာ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေတဲ့ လုပ်ငန်းစီးပွားရေးလုပ်ငန်းရှင် ၁၅ ဦးနဲ့ အများပိုင်အသင်းဖွဲ့စည်းခဲ့တာပါ။ အသင်းမှာ ဥက္ကဋ္ဌတစ်ဦး၊ ဒုဥက္ကဋ္ဌသုံးဦးနဲ့ဖွဲ့စည်းထားပြီး ကျန်အုပ်ချုပ်မှုအဖွဲ့ကိုတော့ မပြောင်းလဲပါဘူး။ အသင်းကို စတင်ဆောင်ရွက်တဲ့အချိန်မှာ အပိုင်းသုံးပိုင်းခွဲပြီး ဆောင်ရွက်နေပါတယ်။ ပထမကတော့ MNL မှာ အောင်မြင်မှုရရှိဖို့ပါ။ ဒုတိယကတော့ ရေရှည်လုပ်ရမယ့် စီမံကိန်းပါ။ အစဉ်အလာကြီးမားတဲ့ ရှမ်းပြည်နယ်ရဲ့ ဘောလုံးအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုတိုးတက်အောင်နဲ့ လူငယ်ကစားသမားတွေကို ပြုစုပျိုးထောင်ပေးသွားမှာပါ။ ပြီးရင် ဘောလုံးအသင်းနဲ့ ပရိသတ်တွေပူးပေါင်းဆောင်ရွက်ပြီး ရှမ်းပြည်နယ်ဘောလုံးလောက ပိုတိုးတက်အောင် ဆောင်ရွက်မှာပါ။ တတိယကတော့ လက်ရွေးစင်ကစားသမားတွေ မွေးထုတ်ပေးနိုင်အောင် ဆောင်ရွက်မှာပါ။

"ကျွန်တော်တို့အနေနဲ့ လက်ရှိအချိန်အထိ ပြည်တွင်းခြောက်ဦး၊ နိုင်ငံခြားသားသုံးဦး ခေါ်ယူထားပြီး အာရှသားတစ်ဦးနဲ့ ပြည်တွင်းကစားသမားတွေထပ်ခေါ်မှာပါ။ နည်းပြအဖွဲ့ကို အင်အားဖြည့်တင်းမှာဖြစ်ပြီး နည်းပြချုပ် ဦးစိုးမြတ်မင်းကို ကူညီပေးနိုင်မယ့်သူတွေနဲ့ ဂိုးနည်းပြတစ်ဦး ထပ်ခေါ်မှာပါ။ ကျွန်တော်တို့အနေနဲ့ တောင်ကြီးမှာ အိမ်ကွင်းပြန်လက်ခံကစားမှာဖြစ်ပြီး အသင်းအပ်နှံပွဲလည်း ပြန်လုပ်ဖို့ စီစဉ်နေပါတယ်။ အသင်းရဲ့ ပရိသတ်တွေအတွက်လည်း သီးခြားအစီအစဉ်တွေ ဆောင်ရွက်ပေးသွားမှာပါ။ ပထမဆုံးအနေနဲ့ သုံးနှစ်စီမံကိန်း ဆောင်ရွက်နေပြီး ပြီးရင် နှစ်တိုးပြီး နှစ်ရှည်ဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ကတော့ ချန်ပီယံဆုရအောင် ကြိုးစားသွားမှာပါ။ အရင်နှစ်တွေထက် အများကြီးပိုကောင်းအောင် ကြိုးစားထားပါတယ်။

"မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က မြန်မာ့ဘောလုံး တိုးတက်ဖို့အတွက် ကြိုးစားဆောင်ရွက်နေတဲ့သူတွေပါ။ အခုကလည်း နာယကနဲ့ဥက္ကဋ္ဌတို့ ခင်းထားတဲ့လမ်းကို ကျွန်တော်တို့က လျှောက်နေရတာပါ။ ကျွန်တော်တို့က တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနေရတာပါ။ အသင်းကောင်း တစ်သင်းဖြစ်အောင် ဆောင်ရွက်ပြီး အောင်မြင်မှုရအောင် ကြိုးစားသွားမယ်လို့ ကတိပေးပါတယ်" ဟု ပြောကြားခဲ့သည်။

# စတုတ္ထကြိမ်မြောက် မန္တလေးတောင်ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲ ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပမည်

ကျော်ထူး(မန္တလေး)

**မန္တလေး ဒီဇင်ဘာ ၁၈**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ ကြီးမှူး၍ Mandalay Free Rider စက်ဘီးစီးအဖွဲ့က ဦးစီးကျင်းပသော စတုတ္ထကြိမ်မြောက် မန္တလေးတောင် Mountain Bike ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲနှင့် Downhill တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲအကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း ၇၀ နှင့် ၂၉ လမ်းကြားရှိ ပန်းသခင်ကဖေး၌ ကျင်းပခဲ့သည်။**(ယာပုံ)**

ရှေးဦးစွာ MFR မန်နေဂျာ ကိုအောင်ဝင်းထွန်းက စက်ဘီး စီးဝင်ရောက်ယှဉ်ပြိုင်ချင်သူများသည် ဒီဇင်ဘာ ၂၆ ရက် နောက်ဆုံးထားစာရင်းပေးပို့နိုင်ကြောင်း၊ ပြိုင်ပွဲတွင် ၂၅ နှစ်အောက်၊ ၃၅ နှစ်အောက်၊ ၄၁ နှစ်အောက်နှင့် ၆၀ နှစ်အထက် အလွတ်တန်းဟူ၍ အတန်းများခွဲခြားပြီး အတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ပေးမည်ဖြစ်သည်။ ဆုမရရှိသူများအား ကံစမ်းမဲအနေဖြင့် အမေရိကန်ဒေါ်လာ ၁၆၀၀ တန် စက်ဘီးတစ်စီးနှင့် အမျိုးသမီးများနှင့် အသက် ၆၀ နှစ်အထက် ယှဉ်ပြိုင်သူများအား ဆုများချီးမြှင့်ပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ အဆိုပါပြိုင်ပွဲသည် ၁၀ မိုင်ခွဲ စက်ဘီးစီးပြိုင်ပွဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုနောက် ဥက္ကဋ္ဌ ကိုရန်နိုင်ကလည်း မီတာ ၁၅၀၀ Downhill တောင်ဆင်းပြိုင်ပွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ စက်ဘီးစီးပြိုင်ပွဲဝင်များနှင့် မန္တလေးမြို့မှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်မည့် ပထမတန်းအဆင့်ပြိုင်ပွဲနှင့် အလက်တန်း အလွတ်တန်းပြိုင်ပွဲများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ကိုချမ်းအေးကလည်း ဒီဇိုင်းတီရှပ်ဆုတံဆိပ်များအကြောင်း အခြားပြိုင်ပွဲများနှင့် မတူအောင် စီစဉ်ထားပုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။




**မွေးသက္ကရာဇ်အမှန်**

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်းနေ ဦးခင်မောင်ဦး၏သမီး မယွန်းမီမီဦး ၁၂/ဥကတ(နိုင်)၁၅၇၄၀၇၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁-၁၉၈၈ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်မ မလေးလေးချို ၁၀/မဒန(နိုင်) ၁၅၉၈၀၀ ၏ Passport( No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အမှတ် ၆ နေ ဦးအပွရောင်း ၁၀/မလမ(နိုင်) ၁၇၂၂၀၇-ဒေါ်အမာဂျီ ၁၀/မလမ(နိုင်)၁၇၁၃၈၇ တို့၏သား မောင်ထိန်လင်းထွေး ၁၀/မလမ(နိုင်)၂၃၇၆၉၇သည် မိဘညီအစ်ကိုမောင်နှမဆွေမျိုးများ စိတ်ဆင်းရဲအောင် ပြုလုပ်သွားသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အသိပေးအပ်ပါသည်။ နောက်နောင် မောင်ထိန်လင်းထွေးနှင့် ပတ်သက်သည့် ကိစ္စအဝဝကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအပွရောင်း**
**၁၀/မလမ(နိုင်)၁၇၂၂၀၇**
**မော်လမြိုင်မြို့**

**ရိက္ခာဆန်ဝယ်ယူရေး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား/လုပ်အားရှင်များအား ၂၀၁၆-၂၀၁၇ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သည့် ရိက္ခာဆန်များအားဝယ်ယူရမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** -၂၄-၁၂-၂၀၁၅ရက် နံနက် ၉နာရီ
**တင်ဒါပုံစံအရောင်းပိတ်ရက်** -၈-၁-၂၀၁၆ရက် ညနေ ၄း၃၀နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်** -၁၄-၁-၂၀၁၆ရက် နံနက် ၉နာရီ
အကျဉ်းဦးစီးဌာန

၄။ အိတ်ဖွင့်တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရောင်းချသွားပါမည်။ တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များကိုဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) **စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊**
**ဖုန်း-၀၇၁-၂၂၉၉၂၊ ၂၃၅၀၈**

(ခ) **စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန**
**ဖုန်း-၀၇၁-၂၃၂၀၅၊၀၇၁-၂၃၂၀၆**

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

**အများပြည်သူသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၆)၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေထိုင်သူ ဦးသန်း ၁၂/မဂတ(နိုင်)၀၄၆၁၂၆က ဦးလှထွန်းအား ၁၀-၂-၂၀၁၅ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၀၆ အရ တရားဝင်ရရှိထားသူ တစ်ဦးဖြစ်ပါသည်။

ဦးလှထွန်းမှာ ကတိစာချုပ်ပါအတိုင်း သက်ဆိုင်သည့်လုပ်ငန်းများလုပ်ဆောင်လျက်ရှိပါသည်။ ဦးလှထွန်းခရီးလွန်နေသည့်အချိန်တွင် ဦးမြသွင် BHN-၀၁၅၃၅၃က တာဝန်ယူအာမခံမှုအပေါ် ဦးသန်းမှာ ဇော်မျိုးထိုက်(ခ)စိုင်းဇော်မျိုးထိုက်ဆိုသူကို ကိုယ်စားလှယ်ပါဝါကို ယုံကြည်မှုဖြင့်ပေးခဲ့ပါသည်။

ငွေကြေးတစ်စုံတစ်ရာ ဦးသန်းမှရယူထားခြင်းမရှိပါ။ ဦးမြသွင် အာမခံမှုအပေါ် ပေးခဲ့သောပါဝါကို ယနေ့မှစ၍ တရားဝင်ဖျက်သိမ်းကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်းခိုင်လုံသောအထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သက်ဆိုင်သည့်မူရင်းစာရွက်စာတမ်းများပြန်လည်အပ်နှံရန် ကြေညာခြင်း ဖြစ်ပါသည်။

**ဦးသန်း၊ ဦးမြသွင်**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ B.Sc, R.L(Advocate)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၀၉)**
**တိုက် ၁၅၀(ငါးလွှာ)A၊ လမ်း ၄၀၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၅၀၅၅**

**ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ**

ရန်ကုန်မြို့နေ
ဦးဇေယျ(Executive Director,Htoo Trading Co.,Ltd.)-
ဒေါ်ခင်မေလွင်(အထက်တန်းပြ-ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊
မခင်ကြည်ဖြူ[M.B.A(General), James Cook University,Singapore]၏မောင်

**ဗိုလ်ကြီးနေမျိုးဇေယျ**
**B.E(Mechanical),D.S.T.A,ME(Russia)**

**နှင့်**

ရန်ကုန်မြို့နေ
ဦးလှဝင်းဌေး[GM(CNG),M.O.G.E, စွမ်းအင်ဝန်ကြီးဌာန]-
ဒေါ်ခင်ရူပါ(New Life Bookshop & Mobile, Pyay)တို့၏သမီးငယ်

**ဒေါက်တာခင်သီရိမိုး**
**M.B.,B.S(YGN)(Victoria Hospital)**

တို့၏၁၃-၁၂-၂၀၁၅ရက်တွင် ဇေယျာသီရိဗိမာန်(ကုန်းမြင့်သာ)၌ ကျင်းပပြုလုပ်သောမင်္ဂလာသဘင်တွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေ၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးသီဟ(Vice Chairman,Htoo Group of Company)နှင့်ဇနီး ဒေါ်ရွှေရွှေလင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်ဇနီး ဒေါ်ဆီဗီလာ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးကျော်စိုးနှင့်ဇနီး၊ စက်မှုနှင့်လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦးနှင့်ဇနီး၊ ဗိုလ်မှူးချုပ်ထွန်းထွန်း၏ဇနီး ဒေါ်ပွင့်ပွင့်မျိုးနှင့် မင်္ဂလာသဘင်သို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဦးတေဇ(Chairman,Htoo Group of Company)၊ ဗိုလ်မှူးကြီး ဇော်နိုင်ဦးနှင့် ဇနီး ဒေါ်သီတဂူဇေယျ၊ မင်္ဂလာဘိသေကမှူးအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော ဦးကျော်ဒေဝ၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဒေါ်နွဲ့ယဉ်ဝင်း၊ မင်္ဂလာပန်းကြဲ ဒေါက်တာခင်ခင်ယုမော်၊ မင်္ဂလာပန်းကုံးဗန်းကိုင် မဆုဝတ်ရည်မွန်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် ဒေါက်တာဆောင်းမြသီရိ၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးဖြိုးမောင်မောင်နှင့် ဗိုလ်တေဇာလင်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာအေးသီရိကျော်နှင့် ဒေါက်တာထူးသဥ္ဇာစိုး၊ မိတ်ကပ်ဆံပင် မေဦးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဒီဇိုင်းဖန်တီးဆင်မြန်းပေးပါသော ဒီဇိုင်နာဌေးဌေးတင်၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာ ဆင်မြန်းပေးပါသော အန်တီ အေးအေးခိုင်(Miraculous Diamond & Platinum)အား လည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ပေးပါသော ကိုဝေလင်း(Love Diary)နှင့်အဖွဲ့၊ ပန်းအလှဆင်မြန်းပေးပါသော ဦးခင်မောင်ဝင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ ဤမင်္ဂလာသဘင်အား အစစအရာရာအဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော ဦးစိန်ဝင်းနှင့်အဖွဲ့၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပါသော နှစ်ဖက်ဆွေ မျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်ကြီးနေမျိုးဇေယျ-ဒေါက်တာခင်သီရိမိုး**

# လေယာဉ်ကွင်းနှင့် မြို့တွင်းတိုက်ရိုက်ပြေးဆွဲသည့် ပထမဆုံး ဘတ်စ်ကားလိုင်း မန္တလေး၌စတင်

**မန္တလေး ဒီဇင်ဘာ ၁၈**

တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးမြို့တွင်း တိုက်ရိုက်ပြေးဆွဲမည့် မီနီဘတ်စ်ကားလိုင်းကို ဒီဇင်ဘာ ၁၆ က ဖွင့်လှစ်ခဲ့သည်။

ယခုစတင်ပြေးဆွဲသည့် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးမြို့တွင်း ဘတ်စ်ကားလိုင်းသည် မြန်မာနိုင်ငံမှ လေဆိပ်နှင့်မြို့တွင်း တိုက်ရိုက်ပြေးဆွဲသည့် ပထမဆုံး ဘတ်စ်ကားလိုင်းတစ်ခုလည်းဖြစ်ကြောင်း၊ ခရီးစဉ်တစ်ခုအတွက် ကားခမှာ ကျပ်လေးထောင်ဖြစ်ပြီး တံတားဦးလေဆိပ်မှ ဝန်ထမ်းများအတွက် ၅၀ ရာခိုင်နှုန်းဖြင့် လိုက်လံပို့ဆောင်ပေးလျက်ရှိကာ ဝန်ထမ်းများ အသွားအပြန်လွယ်ကူချောမွေ့စေရန် တစ်လလျှင် ကျပ်ရှစ်သောင်းနှုန်းဖြင့် လက်ခံ၍လည်း ကြိုပို့ပြုလုပ်ပေးလျက်ရှိကြောင်း ဘတ်စ်ကားလိုင်း ဖွင့်လှစ်ပြေးဆွဲသည့် ရွှေနန်းစံ အဆင့်မြင့်ခရီးစဉ်ပို့ဆောင်ရေးမှဉက္ကဋ္ဌ ဦးရဲပိုင်ချိုက ပြောသည်။

ဘတ်စ်ကားလိုင်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ရွှေနန်းစံ အဆင့်မြင့်ခရီးစဉ်ပို့ဆောင်ရေးမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ဘတ်စ်ကားလိုင်းကို နေ့စဉ် နံနက် ၅ နာရီမှ ညနေ ၅ နာရီအထိ တစ်နာရီလျှင်တစ်ကြိမ် ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ လေဆိပ်မှ မြို့တွင်းသို့ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ခရီးစဉ်တစ်လျှောက်ရှိ လမ်းများတွင် ခရီးသည်များအစဉ်ပြေချောမွေ့စေရန် စီစဉ်ထားပြီး ခရီးလမ်းနှင့်ဝေးကွာသော ခရီးသည်များအတွက် ကားငယ်များဖြင့် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**



## ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်

**သထုံ ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ သန့်ရှင်းကြံ့ခိုင်မှုအားကောင်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားသုံးစွဲသူပြည်သူများ ဗို့အားအပြည့်အဝရရှိရေး ဆောင်ရွက်မှုအဖြစ် သိမ်ဆိပ်ရပ်ကွက်အတွင်းမှ ဓာတ်တိုင်များကို ဒီဇင်ဘာ ၁၅ ရက်မှစ၍ အသစ်လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီဇင်ဘာ ၁၅ ရက်က စပြီး ကျင်းတူး၊ တိုင်ထောင်၊ မီးကြိုးတွေလဲတာ လုပ်ပေးတာ ပြီးတော့မယ်။ အခုလို လုပ်ပေးတော့ မီးအန္တရာယ်လည်း ကင်း၊ မြို့အင်္ဂါရပ်နဲ့လည်းညီသွားတော့ ကောင်းတာပေါ့"ဟု သာသနာလမ်းတွင် နေထိုင်သည့် ပြည်သူတစ်ဦးက ပြောသည်။

ဓာတ်တိုင်များလဲလှယ်ခြင်းကို သုဝဏ္ဏဝတီမြို့ လျှပ်စစ်မှူးရုံးက ဆောင်ရွက်ခြင်းဖြစ်ပြီး သိမ်ဆိပ်ရပ်ကွက် သာသနာလမ်းတွင် ဓာတ်တိုင် ၁၃ တိုင်နှင့် ညောင်ဝိုင်းလမ်းတွင် ၁၉ တိုင် စုစုပေါင်း ၃၂ တိုင်ကို လဲလှယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆွေးမြည့်နေသော မူလသစ်သားဓာတ်တိုင်များနေရာတွင် စံချိန်မီ ၉ မီတာ အမြင့်ရှိ ကွန်ကရစ်လုံးတိုင်များနှင့်အစားထိုး လဲလှယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

**သံဖြူဇရပ် ဒီဇင်ဘာ ၁၈**

ငါးသယံဇာတထိန်းသိမ်းရေးတွင် ရေလုပ်ငန်းနှင့် သက်မွေးဝမ်းကျောင်းပြုသူများ၊ ရေလုပ်သားများ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို သံဖြူဇရပ်မြို့နယ် ဆင်တောင်ကျေးရွာ ဓမ္မာရုံ၌ ဒီဇင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးလွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့များ၊ ရေ လုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ခဲ့ပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာများကို အသေးစိတ်ဟောပြောကာ ရေလုပ်သားများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကုသိုလ်ဖြစ်ဆေးခန်းသို့ အလှူငွေပေးအပ်

**ဖျာပုံ ဒီဇင်ဘာ ၁၈**

ကမ္ဘာ့ရတနာဘဏ်ရုံးချုပ်ရှိ ရတနာနှလုံးသား လူမှုရေးအကျိုးပြုအဖွဲ့က ဖျာပုံမြို့ရှိဇမ္ဗူသုခ ကုသိုလ်ဖြစ်ဆေးခန်းသို့ အလှူငွေကျပ် ၂၅ သိန်းကို ဒီဇင်ဘာ ၁၆ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇမ္ဗူသုခ ကုသိုလ်ဖြစ်ဆေးခန်းဆောက်လုပ်ခြင်းအတွက် အလှူငွေကျပ် ၁၅ သိန်းနှင့် အပတ်စဉ် ဆေးကုသမှုကုန်ကျစရိတ်များအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်း စိုက်ထူလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဇမ္ဗူသုခ ကုသိုလ်ဖြစ်ဆေးခန်းကို ဖျာပုံမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း(အပြောင်လမ်း)ရှိ ဇမ္ဗူထိန်လင်းကျောင်းတိုက်ဝင်းအတွင်း၌ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်ဖွင့်လှစ်ခဲ့ကာ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆင်းရဲနွမ်းပါးသူ ၂၀၀ ကျော်ကို အခမဲ့ဆေးကုသပေးနေသည့် ကုသိုလ်ဖြစ်ဆေးခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




## ဘိုးဘွားများအား မြို့တွင်းဘုရားများဖူးနိုင်ရန် စီစဉ်ပေး



**မအူပင် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ ဘိုးဘွားရိပ်သာ၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ကုသိုလ်တော်ပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တိုင် ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် ကုသိုလ်တော်ပြုအောင်ပွဲအဖြစ် မအူပင်မြို့တွင်းဘုရားများကို ဘိုးဘွားများ သွားရောက်ဖူးမြော်နိုင်ရန်နှင့် ကုသိုလ်ဖြစ်ငါးလွှတ်ခြင်းအပါအဝင် လှူဒါန်းမှုများ ပြုလုပ်နိုင်ရန် ရိပ်သာဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘိုးဘွားများသည် မအူပင်မြို့ရှိ ရွှေဘုန်းမြင့်ဘုရား၊ စိမ်းမြကန်သာဘုရား၊ နဝင်္ဂနန်းဦးစေတီနှင့် မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီးများသို့ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးစိုးဝင်း ဦးဆောင်မှုဖြင့် သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မြို့ဦးပေါ်တော်မူစေတီအနီးရှိ တိုးမြစ်အတွင်းသို့ ဇီဝိတဒါနကုသိုလ်ဖြစ် ငါးများလွှတ်ခဲ့ကြကြောင်း သိရသည်။ ညနေပိုင်းတွင် မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံတွင် မွေးဖွားသန့်စင်သော ကလေးငယ်များအတွက် အနှီးပိတ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

မအူပင်ဘိုးဘွားရိပ်သာတွင် တတိယအကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အဘိုးအဘွားများနှင့် စေတနာရှင်ပြည်သူများစုပေါင်း၍ ဆေးခန်းဖွင့်ပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်၊ ဝတ်ရွတ်ပူဇော်ခြင်းနှင့် စေတနာ့ဝန်ထမ်းများအားဂုဏ်ပြုသည့် ပျော်ပွဲရွှင်ပွဲများကိုလည်း ကျင်းပခဲ့သောကြောင့် ဘိုးဘွားများမှာ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း၊ ဘိုးဘွားရိပ်သာ၌ နေ့စဉ်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကာ ဘိုးဘွားရိပ်သာ နှစ်ပတ်လည်အထိမ်းအမှတ် ကုသိုလ်တော်ပွဲကိုလည်း နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## 'ဝ'တိုင်းရင်းသားများ စုပေါင်းခရစ္စမတ်ပွဲတော် စည်ကားစွာကျင်းပ

**မိုင်းဆတ် ဒီဇင်ဘာ ၁၈**

မိုင်းထလန်းဒေသ 'ဝ'နှစ်ခြင်းအသင်းတော်မှ စီစဉ်ကျင်းပသော တတိယအကြိမ်မြောက် 'ဝ'တိုင်းရင်းသားများ စုပေါင်းခရစ္စမတ်ပွဲတော် ဝတ်ပြုကိုးကွယ်ခြင်း အထူးအစီအစဉ်ကို မိုင်းဆတ်မြို့နယ် မိုင်းထလန်းကျေးရွာရှိ 'ဝ'နှစ်ခြင်းအသင်းတော်ဝင်းအတွင်း၌ ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျိုင်းတုံ 'ဝ'နှစ်ခြင်းအသင်းတော်များအဖွဲ့မှ သိက္ခာတော်ရဆရာတော်များနှင့် 'ဝ'ဒေသ အုပ်ချုပ်ရေးတာဝန်ခံ ဦးအိုက်ရှန်းတို့က အဖွင့်ဆုတောင်းခြင်း၊ ပဏာမကျမ်းစာဖတ်ခြင်း၊ ထာဝရဘုရားသခင်အား ဆက်ကပ်ဆုတောင်းခြင်းများ ဆောင်ရွက်သည်။ ထို့နောက် အထူးဆုတောင်းခြင်း၊ ဓမ္မသီချင်းများသီဆိုခြင်း၊ တရားဒေသနာတော်များ ဟောကြားခြင်း၊ ကောင်းချီးသြဘာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီးနောက် တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းထလန်းနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ အသင်းတော်အဖွဲ့သားများက ပျော်ပွဲရွှင်ပွဲများနှင့် 'ဝ'တိုင်းရင်းသားရိုးရာအကများဖြင့် ကျေးဇူးတော်ချီးမွမ်း ဖျော်ဖြေသီဆိုခဲ့ကြသည်။

မိုင်းဆတ်မြို့နယ် မိုင်းထလန်းဒေသတွင် ကျေးရွာပေါင်း ၂၈ ရွာရှိပြီး 'ဝ' တိုင်းရင်းသားအများစု နေထိုင်ကြသည်။ စုပေါင်းခရစ္စမတ်ပွဲတော်ကို မိုင်းထလန်းဒေသတွင် ၂၀၀၄ ခုနှစ်က ပထမအကြိမ်ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ကို ၂၀၀၉ ခုနှစ်တွင် ကျင်းပခဲ့ကာ ယခုနှစ်တွင် တတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**




## စပါးလေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်၌ စံကွက်ရိတ်သိမ်း

**ရေစကြို ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရွှေကျောင်းကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် စိုက်ပျိုးထားသော စပါးလေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်၌ စံကွက်ရိတ်သိမ်းမှုကို ဒီဇင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့ပြီး စပါးအထွက်နှုန်းအပေါ်မူတည်ကာ တောင်သူစိတ်ကြိုက် စပါးမျိုးများ ရွေးချယ်စေခဲ့ကြောင်း သိရသည်။

"မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးတဲ့ ရည်ရွယ်ချက်က ဒေသခံတောင်သူတွေ ပိုပြီးအကျိုးများစေဖို့နဲ့ ဒေသဝမ်းစာဖူလုံမှုကို အထောက်အကူပြုဖို့ ဖြစ်ပါတယ်။ ဒေသခံတောင်သူတွေအနေနဲ့ စိုက်ပျိုးရတဲ့ ကာလလည်းအတူတူ၊ အရင်းအနှီးကုန်ကျစရိတ်လည်း အတူတူမှာ ဒေသ ရေ၊ မြေ၊ သဘာဝနဲ့ ကိုက်ညီပြီး အထွက်နှုန်းတိုးတဲ့ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးတဲ့အခါ သာမန်စပါးမျိုးက တစ်ဧက တင်း ၈၀၊ ၁၀၀ ထွက်ရင် မျိုးကောင်းမျိုးသန့်စပါးမျိုးက တစ်ဧက တင်း ၁၂၀၊ ၁၃၀ စသည်ဖြင့် အထွက်နှုန်းများလာတာနဲ့အမျှ တောင်သူတွေ ပိုအကျိုးခံစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်တွေကို ဌာနကဝန်ထမ်းတွေ ကိုယ်တိုင် ဒေသခံတောင်သူတွေနဲ့ပေါင်းပြီး လက်တွေ့စိုက်ပျိုးပါတယ်။ ရိတ်သိမ်းချိန်ရောက်တဲ့အခါမှာလည်း စပါးမျိုးတစ်မျိုးချင်းစီရဲ့ အထွက်နှုန်းတွေ တိတိကျကျသိရဖို့နဲ့ တောင်သူတွေ စိတ်ကြိုက်ရွေးချယ်နိုင်ဖို့ ဌာနက ဝန်ထမ်းတွေက လက်တွေ့ စံကွက်ရိတ်သိမ်းပြသပေးပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်မောင်က ပြောသည်။

စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ခရိုင်(မြေ၊ပိုး၊ မျိုး)တာဝန်ခံများ၊ ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# မွန်ပြည်နယ်တွင်းရှိ မြို့နယ်လေးခုတွင် စီးပွားရေးအခွင့်အလမ်းများပိုမိုရရှိစေရန် ADB နှင့် ဂျပန်နိုင်ငံတို့ထောက်ပံ့မည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ်ရှိ ချောင်းဆုံကျွန်း၊ ကျိုက်ထို၊ မော်လမြိုင်နှင့် မုဒုံမြို့နယ်များအတွင်းရှိ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေး အခွင့်အလမ်းများပိုမိုရရှိစေရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် ADB နှင့် ဂျပန်နိုင်ငံတို့ပူးပေါင်း၍ လေးနှစ်စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျီအမ်အက်စ် အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းကြောင်းတွင် တည်ရှိသည့် အဆိုပါမြို့နယ်လေးခုမှ လက်မှုနှင့်ဒေသထွက် အစားအစာများ ရောင်းချနေသည့် လုပ်ငန်းငယ်များ စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိစေရန်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင်ပြီးစီးရန် ရည်မှန်းထားကာ အဆိုပါမြို့နယ်လေးခုရှိ ကျေးရွာ ၁၂ ရွာမှ အိမ်ထောင်စု ၉၀၀ အတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများပေးရန်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ရန်ပုံငွေ အမေရိကန်ဒေါ်လာသုံးသန်းဖြင့် ADB က စီမံခန့်ခွဲသွားမည်ဖြစ်သည့် ယင်းဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်း၌ မြန်မာအစိုးရနှင့် ရပ်ရွာလူထုကလည်း ဒေါ်လာ ၄၅၀၀၀၀ နှင့် ညီမျှသော အထောက်အကူများ ထည့်ဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းတွင် ADB ၏ အကူအညီနှင့် လုပ်ငန်းလုပ်ကိုင်မှုအရည်အသွေးအတွက် သင်တန်းများပေးခြင်း၊ စီးပွားရေးလုပ်ငန်းများကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်စေရန် အထောက်အကူပြုဆောင်ရွက်ပေးခြင်း၊ အသေးစားငွေရေးကြေးရေးထောက်ပံ့သည့် အဖွဲ့အစည်းများ၊ ပစ္စည်းတင်သွင်းသူများစသည်တို့ဖြင့် ချိတ်ဆက်ပေးခြင်းတို့ပါဝင်ပြီး မော်လမြိုင်မြို့တွင် ရပ်ရွာလူထု၏လိုအပ်ချက်အတိုင်း တည်ဆောက်မည့်ဈေးတစ်ဈေးနှင့် ကျိုက်ထိုမြို့တွင် ထွက်ကုန်အချောထုတ်လုပ်ပေးနိုင်မည့် အလုပ်ရုံတစ်ရုံတည်ဆောက်ခြင်းတို့ကိုလည်း အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်နယ်တွင်းက လူဦးရေစုစုပေါင်းရဲ့ ၅၅ ရာခိုင်နှုန်းလောက်ဟာ ကိုယ်ပိုင်လုပ်ငန်းတွေလုပ်ကိုင်နေကြပြီး မိသားစုတော်တော်များများကတော့ လက်မှုပစ္စည်းတွေနဲ့ စိုက်ပျိုးရေးထွက်ကုန်တွေ ရောင်းချနေကြတာကို တွေ့ရပါတယ်။ ဒါပေမယ့် အိမ်ထောင်စုတွေရဲ့ နွမ်းပါးမှုလျှော့ချရေးမှာ ဒီလုပ်ငန်းငယ်တွေရဲ့ ထိရောက်မှုက အကန့်အသတ်တွေရှိနေပါတယ်။ အခုစီမံကိန်းကနေ လက်မှုနဲ့ စားသောက်ကုန်အသစ်တွေကို ဖော်ထုတ်ပြီး လိုအပ်တဲ့နည်းပညာ၊ လုပ်ငန်းအကောင်အထည်ဖော်မှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးတွေရရှိစေဖို့ ကူညီသွားမှာဖြစ်ပါတယ်" ဟု ADB ၏ အရှေ့တောင်အာရှဌာနမှ လူမှုဖွံ့ဖြိုးမှုဆိုင်ရာ အကြီးတန်းပညာရှင် Uzma Hoque က ပြောသည်။

ထို့အပြင် စီမံကိန်းတွင် ရောင်းရေးဝယ်တာဆုံချက်တစ်ခုဖြစ်သော ဈေးတစ်ဈေးနှင့် ထုတ်ကုန်အချောထုတ်လုပ်ပေးနိုင်မည့် အလုပ်ရုံတစ်ခုတို့ကို ရပ်ရွာဒေသက ပိုင်ဆိုင်မှုအခြေခံဖြစ်သော အစိုးရ-ပုဂ္ဂလိက-ရပ်ရွာလူထု ပူးပေါင်းဆောင်ရွက်မှုအစီအမံဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒါ့အပြင် လုပ်ငန်းအငယ်စားတွေ၊ အထူးသဖြင့် အမျိုးသမီးတွေနဲ့ နွမ်းပါးသူတွေ ဦးစီးလုပ်ကိုင်နေတဲ့ လုပ်ငန်းလေးတွေကို ငွေရေးကြေးရေးလက်လှမ်းမီအောင်နဲ့ ဝင်ငွေဆတိုးစေဖို့ ဈေးကွက်အသစ်တွေနဲ့ ချိတ်ဆက်ရောင်းဝယ်နိုင်အောင် ကူညီသွားမှာဖြစ်ပါတယ်"ဟု Uzma Hoque က ပြောသည်။

အကူအညီ ရရှိသူအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်မည်ဖြစ်ပြီး အမျိုးသမီးများနှင့် နွမ်းပါးသောလုပ်ငန်းရှင်များ၏ ရောင်းရေးဝယ်တာတိုးတက်မြင့်မားမှုကို အထောက်အကူပြုစေရန် အသင်းအဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြားသော ကျိုက်ထီးရိုးစေတီတော် တည်ရှိနေသည့် ပြည်နယ်သည် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရန် အခွင့်အလမ်းများစွာရှိနေသည်။ သို့ရာတွင် လုပ်ငန်းငယ်များအနေဖြင့် ထုတ်ကုန်ဆိုင်ရာ ဗဟုသုတ၊ စီမံခန့်ခွဲမှုအတွေ့အကြုံနှင့် နည်းပညာပိုင်းအားနည်းမှုများကြောင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးမှုကို အပြည့်အဝအမြတ်ပြုအသုံးချနိုင်ရေးမှာ နှောင့်နှေးနေဆဲပင်ဖြစ်ကြောင်း သိရသည်။

ယခုစီမံကိန်း၏ အဓိကကဏ္ဍတစ်ခုမှာ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာကြသူများ၊ ပြည်ပတွင်သွားရောက်လုပ်ကိုင်နေသူများ၏ ကျန်ရစ်သူမိသားစုဝင်များအနေဖြင့် အခြားနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်စရာမလိုဘဲ ပြည်တွင်း၌ပင် စွန့်ဦးတီထွင် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိစေခြင်းဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**



(၄၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ရခိုင်ပြည်နယ်နေ့ အားကစားပြိုင်ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ ဘူးသီးတောင်မြို့၌ ဒီဇင်ဘာ ၁၄ ရက်မှစတင်ကျင်းပလျက်ရှိရာ ခြေထောက်ကြိုးချည်အပြေးပြိုင်ပွဲတွင် ကလေးများ ပါဝင်ယှဉ်ပြိုင်နေစဉ်။ (မြို့နယ် ပြန်/ဆက်)

## ရမည်းသင်းအကျဉ်းထောင်သို့ တရားလွှတ်တော်တရားသူကြီး ကြည့်ရှုစစ်ဆေး

**ရမည်းသင်း ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရမည်းသင်းအကျဉ်းထောင်၌ အကျဉ်းသားများ၊ အချုပ်သားများအနေဖြင့် ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ မရှိကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်သင်းဝေက ဒီဇင်ဘာ ၇ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးသည် အကျဉ်းသား၊ အချုပ်သားများနှင့် တွေ့ဆုံကာ ဥပဒေပါအကျဉ်းသားအခွင့်အရေးများရရှိခြင်း ရှိ မရှိ၊ ဥပဒေနှင့် မညီသော မတရားဆောင်ရွက်မှုများ ရှိ မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှုရှိ မရှိ၊ အကျဉ်းသူ အမျိုးသမီးများအား အကာအရံလုံခြုံစွာထားပေးခြင်းနှင့် အမျိုးသမီးအစောင့်အရှောက်ထားပေးခြင်း ရှိ မရှိ၊ နှိပ်စက်ညှဉ်းပန်းမှုများ ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**



## ဆောင်းသီးနှံများ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်

**ကနီ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဆောင်းသီးနှံစိုက်ပျိုးရာသီအတွင်း သီးနှံစုံစိုက်ပျိုးမှုကို လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

"ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဆောင်းသီးနှံမျိုးစုံကို ၁၂၈၅၄၄ ဧက အမှန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု ၂၀၁၅-၂၀၁၆ ဆောင်းသီးနှံစုံစိုက်ပျိုးရာသီမှာ ၁၁၇၁၇၀ ဧက သတ်မှတ်လျာထားပြီး စိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ်ချေးငွေရရှိရေး ဆောင်ရွက်ပေးခဲ့လို့ အခုဒီဇင်ဘာ ၁၅ ရက်မှာ ၁၃၁၇၈၅ ဧကစိုက်ပျိုးပြီးဖြစ်တဲ့အတွက် သတ်မှတ်ရာထားချက်ထက် ၁၂ ရာခိုင်နှုန်းအထိ ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ်တွင် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ချင်းတွင်းမြစ်ရေကြီး၍ မြစ်ရေဝင်ရောက်သည့်ဒေသများတွင် နုန်းမြေများ ယခင်နှစ်ထက် ပိုမိုတင်ကျန်ခဲ့၍ အချို့မှာ စိုက်ပျိုးချိန်နောက်ကျမှ စိုက်ပျိုးကြရမည်ဖြစ်သောကြောင့် လက်ရှိစိုက်ပျိုးပြီးသည့်ဧကအပြင် နောက်ထပ်ဧက ၁၀၀၀ ကျော်ခန့် ဆက်လက်စိုက်ပျိုးနိုင်ဦးမည်ဖြစ်ကြောင်း သိရသည်။

ကနီမြို့နယ်အတွင်း ယခုနှစ် စိုက်ပျိုးပြီးသော ဆောင်းသီးနှံများတွင် ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာနှင့် ပဲကြီးတို့ကို အများဆုံး စိုက်ပျိုးကြပြီး စားဖိုဆောင်သုံး ဟင်းသီးဟင်းရွက်များ၊ အစေ့ထုတ်ပြောင်းနှင့် အဖူးစားပြောင်းများကိုလည်း ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးထားကြကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

## လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲ၊ ဟောပြောပွဲများကျင်းပ

**နတ်မောက် ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်ပြပွဲများကို နတ်မောက်မြို့ ဈေးရပ်ကွက်ရှိ အမကကျောင်း၌ ဒီဇင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။



ပြပွဲတွင် အမကကျောင်းအုပ်ဆရာမကြီး ဒေါ်အောင်မေကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဥမ္မာခင်က ကျောင်းသား ကျောင်းသူများ စာဖတ်ခြင်းအလေ့အထရရှိစေရန်၊ စာဖတ်ရှိန်မြှင့်တင်ရေး အထောက်အကူပြုနိုင်ရန်နှင့် လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများကို ကျောင်းသားကျောင်းသူများ သိရှိစေရန် ပြပွဲနှင့် ဟောပြောပွဲကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက်မှူး ဒေါ်ဝင်းမေထွန်းက ကလေးငယ်များ စာဖတ်ခြင်းအလေ့အထကောင်းများရရှိလာအောင်ဆောင်ရွက်ရေး သိကောင်းစရာများကို ဟောပြောပြီး (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံများနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသကာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာ ခဲ့ကြသည်။

**လှဝင်း(နတ်မောက်)**

## ဖြူးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ဖြူး ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူဖြစ်စေရေးအတွက် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၂/၂၀၁၅) ကို ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ တောင်ငူမြို့ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်း၌ ဒီဇင်ဘာ ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ တောင်ငူခရိုင်အတွင်းရှိမြို့နယ်များမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးများနှင့် သင်တန်းနည်းပြများ၊ သင်တန်းသူများ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်သန်းလွင်က အမှာစကားပြောကြားခဲ့သည်။ အဆိုပါ သင်တန်းသို့ ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာမှ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဒီဇင်ဘာ၁၆ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ တစ်လကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

# အမှတ်ပြည့်ရရေး အပြိုင်ကြိုးစားကြမယ့် ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၇)

မိုးမြင့်လင်းလက်



ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၇)ကို ဒီဇင်ဘာ ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်က အဝေးကွင်းမှာ ဟန်နိုဗာနဲ့ ကစားရမှာဖြစ်သလို ဒေါ့မွန်တို့ကလည်း ကိုလုံးကွင်းမှာ သွားကစားရမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာ အသင်းကြီးတွေ ရပ်တည်ချက်ခိုင်မာပါ့မလားဆိုတာကတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ဟန်နိုဗာနှင့်ဘိုင်ယန်မြူးနစ်**

ဟန်နိုဗာကွင်းမှာ ကစားရပေမယ့် ဘိုင်ယန်မြူးနစ်တို့က နိုင်ပွဲရအောင် အလေးအနက်ထား ကစားပါလိမ့်မယ်။ ဟန်နိုဗာနဲ့ဆုံတိုင်း ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲတွေချည်း ရအောင်ကစားထားနိုင်တာမို့ ဒီပွဲမှာလည်း အဓိကပွဲထွက်ကစားသမားတွေနဲ့ ယှဉ်ပြိုင်ပါလိမ့်မယ်။ ဟန်နိုဗာတို့ကတော့ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရပြီး ခြေစွမ်းတည်ငြိမ်အောင် ရုန်းကန်နေပါတယ်။ ဘိုင်ယန်မြူးနစ်တို့ကတော့ ဒီနှစ်ဘွန်ဒက်စ်လီဂါဘောလုံးရာသီမှာ ရှုံးပွဲမရှိသေးတဲ့ မှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးပါလိမ့်မယ်။

**ကိုလုံးနှင့်ဒေါ့မွန်**

အရင်က ဒေါ့မွန်တို့ ကိုလုံးနဲ့ဆုံတိုင်း နိုင်ပွဲရအောင် ကစားနိုင်ပေမယ့် အခုပွဲမှာတော့ ခြေပြန်တက်နေတဲ့ ကိုလုံးကို ဒေါ့မွန်တို့ သိပ်တော့မလွယ်ပါဘူး၊ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရလဒ်ကို ကြည့်ရင် ကိုလုံးက တစ်ပွဲနိုင်ပြီး ဂိုးမရှိသရေပွဲတစ်ပွဲဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းအရ ကိုလုံးတို့ ကစားအားကောင်းနေတာမို့ ဒေါ့မွန်အတွက်တော့ ရလဒ်ဆိုးရွားနိုင်ပါတယ်။

**ဖရန့်ဖတ်နှင့်ဝါဒါဘရီမင်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ ဘွန်ဒက်စ်လီဂါသမိုင်းမှာ ဒီနှစ်သင်းတွေ့ဆုံမှုကို ကြည့်ရင် ဖရန့်ဖတ်တို့က ၃၂ ပွဲနိုင်ပြီး ဝါဒါဘရီမင်က ၃၉ ပွဲနိုင်ထားကာ သရေ ၁၉ ပွဲဖြစ်ထားပါတယ်။ လောလောဆယ်မှာ အိမ်ကွင်းရလဒ်တွေ ဆိုးရွားနေတဲ့ ဖရန့်ဖတ်တို့ ဒီပွဲမှာ အမှတ်ပြည့်ရဖို့တော့ မလွယ်ပါဘူး။ ဝါဒါဘရီမင်ရဲ့ အနိုင်ရလိုစိတ်ပြင်းပြင်းနဲ့ ထိုးဖောက်မှုတွေကြောင့် အမှတ်ပြည့်ရယူရေး အကောင်အထည်ဖော်ပါလိမ့်မယ်။

**စတုဂတ်နှင့်ဝုဖ်ဘတ်**

စတုဂတ်နဲ့ဆုံတိုင်း ဝုဖ်ဘတ်တို့ နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့တာချည်းပါပဲ။ ဝုဖ်ဘတ်တို့က စတုဂတ်ကွင်းမှာ နိုင်ပွဲရအောင်ဘယ်လိုကစားရမယ်ဆိုတာ သိထားတာမို့ အခုပွဲမှာတော့ အဝေးကွင်းဆိုပေမယ့် ဝုဖ်ဘတ်ရဲ့ ခြေစွမ်းအောက်မှာ အိမ်ရှင်တို့ ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိနေပါတယ်။ တိုက်စစ်ရော ခံစစ်မှာပါ ဟန်ချက်ညီအောင် အားထုတ်နိုင်နေတဲ့ ဝုဖ်ဘတ်တို့က ချန်ပီယံလိဂ်မှာလည်း ခြေစွမ်းတွေပြပြီး ရှုံးထွက်အဆင့်တက်ရောက်ခဲ့တာမို့ စိတ်ဓာတ်အမြင့်ဆုံး ရောက်ရှိနေပါတယ်။ ဒီပွဲမှာ ဝုဖ်ဘတ်တို့ပဲ အောင်ပွဲခံပါလိမ့်မယ်။

**ဟမ်းဘတ်နှင့်အော့စ်ဘတ်**

အော့စ်ဘတ်တို့က ခြေစွမ်းကောင်းပေမယ့် နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲမှာတော့ ဟမ်းဘတ်တို့ အိမ်ကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကစားထားနိုင်ပါတယ်။ အော့စ်ဘတ်တို့ကတော့ တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့အတွက် ဒီပွဲမှာ အပြည့်အဝအာရုံစိုက်ပြီး ကြိုးစားလာပါလိမ့်မယ်။ အဝေးကွင်း ဆိုပေမယ့် အနိမ့်ဆုံးတစ်မှတ်ရအောင် ခြေကုန်ထုတ်လာမယ့် အော့စ်ဘတ်တို့ကတော့ ဒီပွဲမှာ ဟမ်းဘတ်ခံစစ်မျှုးတွေကို ရအောင်ကျော်ဖြတ်ပါလိမ့်မယ်။ ဒါပေမယ့် ဟမ်းဘတ်ရဲ့ အိမ်ကွင်းကစားအား မာကျောမှုက ဩ့သည်အတွက် အမှတ်ရယူရေးမျှော်လင့်ချက် ပျက်ပြယ်သွားနိုင်တာမို့ ဒီပွဲမှာ ဟမ်းဘတ်တို့ပဲ အနိုင်နဲ့ ထိုက်တန်ကြောင်း ခြေစွမ်းပြသပါလိမ့်မယ်။ ။

## ပရီမီယာလိဂ်ကိုရောက်ဖို့ သေချာနေတဲ့ ဂွာဒီယိုလာ

ဘာစီလိုနာအသင်းနဲ့အတူ အောင်မြင်ခဲ့တဲ့ နည်းပြ ဂွာဒီယိုလာဟာ ပရီမီယာလိဂ်ကိုရောက်ဖို့ သေချာနေပြီလို့ ဆိုပါတယ်။ ဒီနှစ် ရာသီအကုန်မှာ ဘိုင်ယန်မြူးနစ်က ထွက်ခွာတော့မယ်လို့ သူက အတည်ပြုပြောကြားလိုက်ပြီဖြစ်ပါတယ်။ မန်စီးတီး၊ မန်ယူနဲ့ချယ်လ်ဆီးတို့ သူ့ကို ပစ်မှတ်ထားနေပြီး ဘယ်အသင်းကို ရောက်မယ်လို့တော့ မပြောနိုင်သေးပါဘူး။ မန်စီးတီးကို ရောက်ဖို့တော့များတယ်လို့ ဆိုပါတယ်။ သူ့ရဲ့ကစားသမားတွေ ပြင်သစ်နိုင်ငံမှာ ကျင်းပမယ့် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်မှာ မန်စီးတီးရဲ့နည်းပြသစ်ဖြစ်လာလိမ့်မယ်လို့ ပြောဆိုနေကြပါတယ်။ ဂွာဒီယိုလာဟာ အသင်းကို အကောင်းဆုံးတည်ဆောက်ဖို့အတွက် ကစားသမားကောင်းတွေကို ကိုယ်တွယ်လေ့ရှိသူပါ။ ကစားသမားကောင်းရဖို့ဆိုရင် လက်မတွန့်တတ်တဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ် နှစ်သင်းပေါင်းကစားသမား ၂၈ ဦး ခေါ်ယူရေးမှာ ပေါင် သန်း ၃၈၀ အထိ သုံးစွဲခဲ့သူပါ။ သူခေါ်ယူခဲ့တဲ့ ဈေးအကြီးဆုံးကစားသမားကတော့ အင်တာမီလန်မှ ဇလတ်တန် အီဘရာဟီမိုဗစ်ဖြစ်ပြီး ပေါင် ၅၅ သန်းအထိပေးခေါ်ခဲ့တယ်လို့ ဆိုပါတယ်။ လာမယ့်ရာသီမှာ ပရီမီယာလိဂ်သို့ ရောက်လာခဲ့ရင်တော့ ဂွာဒီယိုလာက အသင်းကောင်းဖြစ်ဖို့ ငွေပုံအောသုံးမယ့်နည်းပြ ဖြစ်လာနိုင်ပါတယ်။





## လီဗာပူးကခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ရှော်လ်ကေးနောက်တန်းလူ ဂျိုးလ်မာတစ်

လီဗာပူးနည်းပြ ဂျာဂျင်ကလော့ဟာ အသင်းရဲ့ခံစစ်အားကို အကောင်းဆုံးတည်ဆောက်နိုင်ဖို့ ဇန်နဝါရီလ အပြောင်းအရွှေ့မှာ နောက်တန်းကစားသမားတစ်ဦး ခေါ်ယူသွားဖွယ် ရှိပါတယ်။ ဒီအထဲမှာ ရှော်လ်ကေးနောက်တန်းကစားသမား ဂျိုးလ်မာတစ်ကိုတော့ စိတ်ဝင်စားမှုအရှိဆုံးလို့ ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့မာတစ်ကို ပြီးခဲ့တဲ့ နှစ်က နယူးကာဆယ်က ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ကင်မရွန်းကစားသမား ဂျိုးလ်မာတစ်ကို ရှော်လ်ကေးကတော့ ပေါင် ၁၀ သန်းနဲ့ ရောင်းနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ အရပ် ၆ပေနဲ့ ၄လက်မရှိတဲ့ မာတင်ဟာ နောက်တန်းကစားသမားအဖြစ်သာမကဘဲ ကွင်းလယ်ကစားသမားအဖြစ်လည်း ကစားနိုင်တယ်လို့ ဆိုပါတယ်။ ရှော်လ်ကေးနဲ့ ချုပ်ဆိုထားတဲ့စာချုပ်ကတော့ နွေရာသီမှာ ကုန်ဆုံးမှာ ဖြစ်တဲ့အပြင် လီဗာပူးအနေနဲ့ အလွတ်ပြောင်းရွှေ့မှုနဲ့လည်း ခေါ်ယူဖွယ်ရှိပါတယ်။

ဒါ့အပြင် လီဗာပူးနည်းပြ ဂျာဂျင်ကလော့က ကွင်းလယ်နဲ့ တောင်ပံကစားသမားတစ်ဦးစီကိုလည်း ထပ်မံအားဖြည့်ဖို့ စီစဉ်နေပါတယ်။ အဲဒီလိုသာ ကစားသစ်တွေ ဖြည့်ဆည်းပေးနိုင်ရင်တော့ လီဗာပူးအသင်းဟာ ပြိုင်ဘက်တိုင်းကို ကောင်းကောင်းခြိမ်းခြောက်နိုင်တဲ့အသင်း ဖြစ်လာမယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ ➤ စုစည်းသည်

## အာဆင်နယ်နဲ့ပွဲမှာ မန်စီးတီးကစားသမားများ အကောင်းဆုံးကစားနိုင်ဖွယ်မရှိ

လာမယ့် တနင်္လာနေ့မှာ အာဆင်နယ်နဲ့ကစားမယ့် မန်စီးတီးကစားသမားခုနစ်ဦးဟာ ဒီနှစ်ရာသီမှာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်မှာ မဟုတ်ပါဘူးလို့ ဂိုးသမား ဂျိုးဟတ်က ပြောဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်က ဆွမ်ဆီးကိုနိုင်ပြီး ထိပ်ပိုင်းနေရာ ဆက်လက်ရပ်တည်နိုင်ခဲ့ပေမယ့် မန်စီးတီးအသင်းဟာ ရုန်းကန်နေရတဲ့အသင်းတစ်သင်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒုတိယနေရာက အာဆင်နယ်ကို အနိုင်ကစားဖို့ဆိုရင် အာဆင်နယ်ထက် အဆပေါင်း တစ်သန်းပိုသာအောင် ကစားနိုင်မှဖြစ်မှာပဲလို့ ဂျိုးဟတ်က ဆိုပါတယ်။ အနည်းဆုံးကစားသမား ခုနစ်ဦး၊ ရှစ်ဦးလောက်ဟာ ကောင်းကောင်းကစားနိုင်တဲ့ ခြေစွမ်းမရှိဘူးလို့ ဂျိုးဟတ်ကဆိုပါတယ်။ ဒီဇင်ဘာ ပွဲကျပ်ကာလအတွင်း အသင်းကြီးများအနေဖြင့် ရမှတ်များမဆုံးရှုံးရေး ကြိုးစားကြမှာမို့ အာဆင်နယ်နဲ့ မန်စီးတီးတို့ရဲ့ပြိုင်ပွဲဟာ ယခုသီတင်းပတ်မှာ လူကြိုက်အများဆုံး ပြိုင်ပွဲကြီးဖြစ်လာဖို့ ရှိပါတယ်။



# သတ္တမအကြိမ်မြောက် ဘားကမ့်ရန်ကုန် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၁၀ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည့် နည်းပညာနှီးနှောဖလှယ်ပွဲ Barcamp Yangon ကို ဇန်နဝါရီ ၃၀ နှင့် ၃၁ ရက်များတွင် ရန်ကုန်မြို့ MICT Park အတွင်း၌ သတ္တမအကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘားကမ့်ရန်ကုန်ပွဲများသည် နည်းပညာတစ်ခုတည်းအတွက် ကျင်းပခြင်း မဟုတ်သောကြောင့် နည်းပညာကဏ္ဍမှသာမက အခြားကဏ္ဍများမှလည်း ဝင်ရောက်ဆွေးနွေးနိုင်ကြောင်း၊ လွတ်လပ်စွာ မျှဝေဟောပြောမှုသည် ဘားကမ့်ပွဲများ၏ အဓိကအချက်ဖြစ်ပြီး စိတ်ပါဝင်စားသည့် အကြောင်းအရာများကို မည်သူမဆို ဝင်ရောက်ဆွေးနွေးနိုင်ကြောင်း၊ တက်ရောက်ခွင့်လက်မှတ်များကို ဇန်နဝါရီ ၁ ရက်မှစ၍ အွန်လိုင်းမှတ်ပုံတင်အစီအစဉ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး ဘားကမ့်ရန်ကုန်နှင့် ပတ်သက်သည့် သတင်းများကို ဖေ့စ်ဘုတ်စာမျက်နှာ facebook.com/barcampyangon နှင့် barcampyangon.org ဝက်ဘ်ဆိုက်များမှ ဆက်လက်၍ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘားကမ့်ရန်ကုန် ၂၀၁၆ ကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် Organizer Team ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကာ ယခင်နှစ်များမှ စီစဉ်သူများ အပြင် လူငယ်များလည်း ယခုနှစ်တွင်ပါဝင်ကြောင်း၊ စပွန်ဆာအဖြစ်ထောက်ပံ့ကူညီလိုသူများအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်နောက်ပိုင်းမှစ၍ နည်းပညာကဏ္ဍအပါအဝင် အခြားကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိပြီး မိုဘိုင်းဖုန်းနှင့် အင်တာနက် အသုံးပြုမှုမှာလည်း တိုးတက်လျက်ရှိကာ နည်းပညာဈေးကွက်အနေဖြင့်လည်း အရှေ့တောင်အာရှတွင် အကြီးမားဆုံးကျန်ရှိသည့် တယ်လီကွန်းဈေးကွက် တစ်ခုဖြစ်နေသည်။ ထို့ကြောင့် ဘားကမ့်ရန်ကုန်တွင် ဝင်ရောက်ဆွေးနွေးခြင်းဖြင့် နည်းပညာဆိုင်ရာ အသိပညာများနှင့် အခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း၊ ဘားကမ့်ပွဲများကို ရန်ကုန်မြို့၌ ၂၀၁၀ ခုနှစ်က စတင်ကျင်းပပြီးနောက် မန္တလေး၊ တောင်ကြီးအပါအဝင် မြို့ကြီးများတွင် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ **သူရဖြိုး**

## Mobile Review

# အရည်အသွေးကောင်းပြီး ဈေးနှုန်းနဲ့ထိုက်တန်တဲ့ Lenovo Tab2 A7-30

အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းလည်း သင့်တင့်တာကြောင့် ဒီနှစ် ဧပြီလအတွင်း စတင်ထွက်ရှိချိန်ကနေ အခုအချိန်အထိ လူကြိုက်များခဲ့ပြီး လက်ရှိအချိန်အထိလည်း ဈေးကွက်ထဲမှာ ရရှိနိုင်တဲ့ လီနိုဗိုအမှတ်တံဆိပ် တက်ဘလက် Tab2 A7-30 ကို Mobile Review အနေနဲ့ ဖော်ပြလိုက်ပါတယ်။

လီနိုဗို Tab2 A7-30 ဟာ မျက်နှာပြင်အကျယ် ခုနစ်လက်မရှိပြီး ရုပ်ထွက်ကောင်းမွန်တဲ့ IPSLCD မျက်နှာပြင်ပါဝင်ပါတယ်။ အန်းဒရွိုက်ဗားရှင်းကတော့ 4.4.2(Kitkat)ပါဝင်ပြီး မိုဘိုင်းနက်ဝပ်အနေနဲ့တော့ GSM နဲ့ WCDMA ဆင်းကတ်တွေ ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ မိုဘိုင်းအင်တာနက်သုံးနိုင်သလို ဝိုင်ဖိုင်ကနေလည်း အင်တာနက်သုံးနိုင်မှာ ဖြစ်ပါတယ်။

CPU က Quad-core 1.3 GHz Cortex-A7 ၊ မင်မိုရီက 16GB နဲ့ RAM 1GB ပါဝင်ပါတယ်။ မင်မိုရီကတ်ကိုလည်း 32GB အထိ ထပ်စိုက်ပြီး သုံးနိုင်မှာဖြစ်လို့ ဒေတာအများအပြား သိမ်းဆည်းထားနိုင်မှာဖြစ်ပါတယ်။ အသံပိုင်းမှာလည်း Dolby Audio စပီကာပါဝင်ပြီး ဘက်ထရီကလည်း Li-ion 3450mAh ဘက်ထရီဖြစ်လို့ အသင့်အနေအထားမှာ နာရီ ၄၀၀ ကျော်အထိ ထားနိုင်မှာဖြစ်ပါတယ်။ အားနည်းချက်ကတော့ ကင်မရာပိုင်းဖြစ်ပြီး နောက်ကင်မရာက ၂မဂ္ဂပစ်ဇယ်နဲ့ ရှေ့ကင်မရာက VGA အဆင့်သာရှိလို့ ဓာတ်ပုံနဲ့ ဗီဒီယိုတွေရိုက်ကူးသိမ်းဆည်းဖို့တော့ စိတ်တိုင်းကျစေမှာ မဟုတ်ပါဘူး။

ဈေးနှုန်းက ကျပ်တစ်သိန်းခြောက်သောင်းဝန်းကျင်ရှိပြီး ပြည်တွင်းဈေးကွက်မှာ ဆိုင်အချို့မှာ ဝယ်ယူနိုင်ပါတယ်။ **သူရဖြိုး**




# ဟွာဝေးဖုန်းများ တရားဝင်တင်သွင်းခြင်း ဟုတ်၊ မဟုတ် ဗိုက်ဘာနှင့် ဝီချက်မှ စစ်ဆေးနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဈေးကွက်အတွင်း ရောင်းချနေသော ဟွာဝေးဖုန်းများသည် ဟွာဝေးမှ တရားဝင်တင်သွင်းရောင်းချနေသောဖုန်းများ ဟုတ်မဟုတ်ကို စစ်ဆေးလိုပါက QR Code ကို Scan ဖတ်ကာ Viber နှင့် Wechat တို့မှတစ်ဆင့် ပေးပို့၍ စစ်ဆေးနိုင်သည့်ဝန်ဆောင်မှုကို ဟွာဝေးမှ စတင်ပြုလုပ်ထားပြီဖြစ်ကြောင်း သိရသည်။

ဖုန်းများကိုစစ်ဆေးရန်အတွက် Viber သို့မဟုတ် Wechat အပလီကေးရှင်းများသို့ ဝင်ရောက်ကာ Scan QR Code ကို နှိပ်ရမည်ဖြစ်သည်။ စကင်ဖတ်ပြီးပါက Wechat တွင် huawei warranty checking page သို့ ဝင်ရောက်ပြီးဖြစ်ကာ တရားဝင်တင်သွင်းလာသော ဖုန်းဟုတ်မဟုတ် သိရှိနိုင်မည်ဖြစ်ပြီး Viber တွင် huawei warranty checking page သို့ ဝင်ရောက်ရန် Link တစ်ခု ပေါ်လာမည်ဖြစ်ကာ ထို link မှတစ်ဆင့် မိမိတို့၏ဖုန်းသည် တရားဝင်တင်သွင်းလာသော ဖုန်းဟုတ်မဟုတ် သိရှိနိုင်မည်ဖြစ်သည်။

Viber နှင့် Wechat အသုံးမပြုဘဲ စမ်းသပ်လိုသူများအနေဖြင့်လည်း ဟွာဝေး၏ ဝက်ဘ်ဆိုက် www.consumer.huawei.com/mm/support သို့ဝင်ရောက်၍ တရားဝင်တင်သွင်းသောဖုန်း ဟုတ် မဟုတ် ဖုန်းအမျိုးအစားအလိုက် စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်အတွင်း၌ ဟွာဝေး၏ နောက်ဆုံးပေါ် ဖုန်းမော်ဒယ်များဖြစ်သော Honor 4X, 5X စသည်တို့အပါအဝင် Honor စီးရီးစ်များကို တရားမဝင် တင်သွင်းရောင်းချလျက်ရှိနေကြောင်း သိရသည်။ ဟွာဝေးမှ တရားဝင်တင်သွင်းလာခြင်းမဟုတ်သော အဆိုပါဖုန်းများမှာ ပြည်ပနိုင်ငံများတွင် တရားဝင်ရောင်းချနေသည့်ဖုန်းများဖြစ်သော်လည်း နက်ဝပ်အခြေအနေအပေါ် မူတည်၍ ပြည်တွင်းတွင်သုံးပါက အချို့မော်ဒယ်များတွင် အဆင်မပြေမှုများရှိကြောင်း၊ တရားမဝင်တင်သွင်းသောဖုန်းများအနေဖြင့် ဟာ့ဒ်ဝဲပိုင်းတွင် ကွာခြားမှုများစွာမရှိသော်လည်း မိုဘိုင်းနက်ဝပ်ပိုင်းတွင် အဆင်မပြေမှုအချို့ရှိနိုင်ကြောင်း၊ အင်တာနက်လိုင်းဆွဲအားတွင်လည်း တရားဝင်တင်သွင်းသော ဖုန်းများက တရားမဝင်အလုံးများထက် သိသိသာသာ ပိုကောင်းကြောင်း မိုဘိုင်းဖုန်းဆားဗစ်စင်တာအချို့မှ သိရသည်။

တရားမဝင်တင်သွင်းသောဖုန်းများ၏ ပျက်ယွင်းမှုများအတွက်လည်း ဟွာဝေး၏ တရားဝင် ဆားဗစ်စင်တာများတွင်ပေးသော အာမခံဝန်ဆောင်မှုကို ရရှိမည်မဟုတ်ကြောင်း သိရသည်။ ဟွာဝေးဆားဗစ်စင်တာများတွင် တရားဝင်တင်သွင်းထားသော ဖုန်းများကိုသာ ဝန်ဆောင်မှုအပြည့်အဝပေး၍ ပြုပြင်ပေးသွားမည်ဖြစ်ကြောင်းနှင့် တရားမဝင်တင်သွင်းထားသော ဖုန်းများအတွက် ဝန်ဆောင်မှုအပိုင်းနှင့်ပတ်သက်၍ ဝယ်ယူသည့်ဆိုင်များနှင့်သာ ဆက်သွယ်ကြရန် ဟွာဝေးမှ ကြေညာထားသည်။ **သူရဖြိုး**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ် ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ ဝယ်ယူပြီးအဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးကျော်ကျော်ဦး(LC-၃၉၂) (Sky may Construction Co.,Ltd.) | မြန်မာနိုင်ငံသားများဘဏ် လီမိတက်၊ပုဇွန်တောင်ဘဏ်ခွဲ<br><br>(ကစ)ဦးအောင်ကျော်လှိုင် ၁၂/မဘန(နိုင်)၁၁၄၁၀၇ အထွေထွေမန်နေဂျာ | တိုက်အမှတ်(၃၁/၃၇)၊ အခန်းအမှတ် (ဒုတိယထပ်-ပ/ဝဲ၊ ဒု/ဝဲ၊ တ/ဝဲနှင့် တတိယထပ် ဒု/ဝဲ၊ တ/ဝဲ)၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်။ |

**ဌာနမှူး၊**
**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

**ဒဂုံမြို့သစ်**
**အရှေ့ပိုင်း**
**ဆိပ်ကမ်းမြို့နယ်**
**တောင်ပိုင်း၊မြောက်ပိုင်း**
**များရှိ မြေကွက်များကို**
**ဈေးကောင်းပေးဝယ်သည်။**
**09-8623188**
**09-5195949**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၇၅၃၉ Nambo 110, M/C ယာဉ်ပိုင်ရှင် ဒေါ်သင်းသင်းနွယ် ၉/အမဇ(နိုင်)၁၈၉၇၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ၁၃-၁၂-၂၀၁၅ ရက်စွဲ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၆ ပါ အများသိစေရန် ကြေညာချက်၏အဖြစ်မှန်အား ပြန်လည်ကြေညာခြင်း

အထက်ကြော်ငြာစာပါ အဖြစ်အပျက်မှန်အား ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ ကန်ထရိုက်တာ ဦးနေဝင်းသည် မြေရှင် ဒေါ်မေအင်ကြင်းပိုင် မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုပြီးသည့် ၁၉-၁၂-၂၀၁၄ ရက်မှစတင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လုပ်ထုံးလုပ်နည်းမှန်ကန်စွာ ဆောက်လုပ်ခွင့်လျှောက်ထားပြီးဖြစ်ပါသည်။ ဆောက်လုပ်ခွင့်အမိန့်တင်ထားပြီးနောက် မြေရာဇဝင်တောင်းခံရာတွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်ကြားစာမရရှိသေးသဖြင့် ဆောက်လုပ်ခွင့်မကျသေးခြင်းဖြစ်ပါသည်။ ဒေါ်မေအင်ကြင်းမှ ကြေညာသကဲ့သို့ တယ်လီဖုန်းဆက်သွယ်မှုမရရှိခြင်း၊ လူကိုယ်တိုင်တွေ့ဆုံခြင်းများမရရှိခဲ့ခြင်း လုံးဝမဟုတ်ပါ။၅-၁၂-၂၀၁၅ ရက်နောက်ဆုံးထားပြီး လာရောက်တွေ့ဆုံရန်လည်း လုံးဝပြောဆိုခဲ့ခြင်းမရှိပါ။ထို့ကြောင့် ဒေါ်မေအင်ကြင်းထံသို့ ဦးနေဝင်းအနေဖြင့် လာရောက်တွေ့ဆုံခဲ့မှု မရှိခြင်းဖြစ်ပါသည်။ဦးနေဝင်း၏ဇနီး ဒေါ်သင်းသင်းမော်နှင့် ဒေါ်မေအင်ကြင်းတို့မှာ ယနေ့အချိန်အထိ ဖုန်းအဆက်အသွယ် လုံးဝမပြတ်ပါ။ ဒေါ်မေအင်ကြင်း၏ ကြေညာချက်သည် ဦးနေဝင်းအား လွန်စွာသိက္ခာကျ၍ မမှန်မကန်ကြေညာခြင်းဖြစ်ပါသည်။ဒေါ်မေအင်ကြင်းနှင့် ဦးနေဝင်းတို့ချုပ်ဆိုထားခဲ့သော ၁၉-၁၂-၂၀၁၄ ရက်စွဲပါစာချုပ်အတိုင်း အဆောက်အအုံအား ပြီးစီးအောင်ဦးနေဝင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်မေအင်ကြင်းနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း (၀၀၈)၊ အေးရိပ်မွန် ၉ လမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ခေမာတောင်လမ်း၊ အမှတ် ၃၈၊ အလျား ၁၀ ပေ× အနံ ပေ ၄၀ ရှိမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဟာနစ် ၁၂/အစန(နိုင်)၁၆၃၄၀၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူတို့က အပြီးပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးဝင်း LL.B**
**အထက်တန်းရှေ့နေ၊ စဉ်-၃၂၃၀၈**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၁၉၊ မြေကွက်အမှတ် ၃၄၈၊ မြေအကျယ် ပေ (၄၀×၆၀)ရှိ ဒေါ်ညွန့်တင် အမည်ပေါက် ဂရန်မြေကို ဦးငြိမ်းထွန်း ၁၂/စခန(နိုင်)၀၁၆၃၂၃ ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ညွှန်ကြားသူ- ဦးငြိမ်းထွန်း**

**စလင်း-ဦးအောင်သိန်း၊ ဒေါ်မေမီလှိုင်**
**တရားလွှတ်တော်ရှေ့နေများ**
**Master Law & Group**
**စာချုပ်စာတမ်းဝန်ဆောင်မှုနှင့်ဥပဒေ**
**အတိုင်ပင်ခံအဖွဲ့**
**ဖုန်း-၀၉-၅၄၀၁၉၄၀၊**
**၀၉-၄၂၈၂၂၇၃၁၃၊ ၀၉-၇၈၅၃၁၈၀၉၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈လမ်း၊ အမှတ် ၁၀၂၊ မြေညီထပ်၊အခန်း(၁)ဟု ခေါ်တွင်သော ၁၂.၅'×၄၀'×၁၅'၊ အထပ်ခိုး(၆၀%)ပါ ကိုယ်ပိုင်ရေမီးအသင့် ဦးမြင့်သန်းအမည်ပေါက် ဖုန်း-၃၈၅၆၄၀ ပါ အခန်းသည် အဘွား ဒေါ်ခွေးမပိုင်၊ ထိုမှ ဦးဗီရလလန်ဒီးနှင့် ဒေါ်ခင်သန်း (ကွယ်လွန်သူမိဘများ)ပိုင်၊ ၎င်းတို့မှထွန်းကားသောဦးရဲထွန်း (ကွယ်လွန်အမွေမမီ)(MTNT-008736)၊ ဒေါ်ခင်မြတ်မွန် ၁၂/ဥကမ(နိုင်) ၀၃၈၄၃၃၊ ဒေါ်နီလာခင်၁၂/ဥကမ(နိုင်) ၀၂၃၀၄၀၊ ဦးထွန်းထွန်း နိုင်ငံခြားခရီးသွား၊ကိုယ်စား GP 061/C/07Nov 2012 ကိုင်ဆောင်သူဇနီး ဒေါ်လွင်လွင်စိုး ၁၂/မဂတ(နိုင်)၀၀၇၀၃၈ တို့က အမွေဆက်ခံပိုင်ဆိုင်ကြကြောင်း (ကျမ်းကျိန်လွှာသက်သေဖြင့်) အပြီးအပြတ် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် အပြီးအပြတ်လက်ရောက်ဝယ်ယူလိုသူ ကျွန်ုပ်၏မိတ်ဆွေနှင့် တန်ဖိုးညှိနှိုင်းသဘောတူကြပြီးတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုအခန်းအပေါ်တွင် ပိုင်ရေးပိုင်ခွင့်ရှိသည်ဟု အဆိုပြုလိုသူတို့သည်ယနေ့မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် အထောက်အထားစာရွက်စာတမ်းများ မူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆုံးခန်းတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သိန်း** — **တရားလွှတ်တော်ရှေ့နေ၊စဉ်-၈၂၈၁**
**(ထွန်းဝင်း)** — **အထက်တန်းရှေ့နေ၊ စဉ်-၆၄၀၉**
**VENUSLAW & LOVE GARDEN**
**အမှတ် ၁၀၆၊ဒုတိယထပ်(ဝဲ)၊၁၀၁လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် G-9149 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

## စာအုပ်စာပေလူ့မိတ်ဆွေ

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိုင်းအောင်သိန်း၏သမီး တောင်ကြီး တက္ကသိုလ်၊ တတိယနှစ်(ပထဝီ)တွင်ပညာသင်ကြားနေသောမနန်းကွန်ကျော်နှင့် မနန်းထားထားနွယ် ၁၃/ဆဆန(နိုင်) ၀၈၂၁၅၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်နှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ငါးမျိုးစပ်ကာကွယ်ဆေး အခမဲ့ထိုးပေး

**ကျောက်ထု ဒီဇင်ဘာ ၁၈**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ကျောက်ထုမြို့ တိုက်နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်အတွင်းရှိ အသက်တစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများကို ဒီဇင်ဘာ ၁၆ ရက်က ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးပေးခြင်းကို ကျောက်ထုမြို့ တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာဆုယဉ်ငြိမ်းနှင့်အဖွဲ့က ဆောင်ရွက်ပေးခဲ့ပြီး ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုပ်ရောင်ရောဂါများ ကာကွယ်သည့် ငါးမျိုးစပ်ဆေးကို ထိုးနှံပေးခြင်းဖြစ်ကာ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင် ၇၅ ဦးအား ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်း၊ ကာကွယ်ဆေးထိုးအပြီးတွင် ကလေးများအား အာဟာရများ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**(၁၀၁)**

## သဲကားဖြတ်၍ တံတားကျိုးကျမှု ငါးနာရီအတွင်း ပြန်လည်သွားလာနိုင်

**ယင်းမာပင် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် မြောက်ယမားချောင်းကူးတံတားသစ် တည်ဆောက်ရန်အတွက် ယာယီတံတားထိုး၍ ယာဉ်များကို သွားလာစေလျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက် နံနက်၁၀ နာရီခန့်တွင် တံတားတည်ဆောက်ရန် သဲများတင်လာသော ကုမ္ပဏီကား ဖြတ်သန်းမှုကြောင့် ယာယီတံတားကျိုးကျခဲ့ရာ ငါးနာရီခန့် သွားလာမှုပြတ်တောက်ခဲ့ပြီးနောက် ပြန်လည်ပြုပြင်နိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက "မြောက်ယမားတံတားကို မြတ်နိုးသူကုမ္ပဏီက နှစ်လမ်းသွားကွန်ကရစ်တံတားသစ်တည်ဆောက်ဖို့ ပြင်ဆင်နေတာပါ။ တံတားတည်ဆောက်စဉ်အတွင်းမှာ ကားတွေဆိုင်ကယ်တွေ သွားလာမှုမပြတ်အောင် ယာယီတံတားဆောက်ထားတာ ဒီနေ့မနက် ၁၀ နာရီလောက်မှာ ကုမ္ပဏီက သဲတင်ကားဖြတ်လို့ ကျိုးကျခဲ့ပါတယ်။ သွားလာမှုအဆင်ပြေအောင် တံတားကိုသံပေါင်ပြန်တင်ပြီး ဆောင်ရွက်ခဲ့လို့ ညနေ ၃ နာရီခွဲလောက်မှာ သွားလို့လာလို့ ရနေပါပြီ။ ယာယီတံတားကို နောက်နေ့မှာ ပြန်ဆောက်ဖို့ ကုမ္ပဏီက စီစဉ်နေပါတယ်"ဟု ပြောသည်။

မြောက်ယမားချောင်းကူးတံတားသည် မုံရွာ-ပုသိမ်လမ်းပေါ်တွင်တည်ရှိသော တစ်လမ်းသွားဘေလီသစ်သားတံတားဖြစ်သည်။ တစ်လမ်းသွားတံတားဖြစ်သဖြင့် ယာဉ်များဖြတ်သန်းသွားလာရာတွင် အချိန်ပေး၍ ဖြတ်သန်းနေရသောကြောင့် ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်လမ်းသွား ကွန်ကရစ်တံတားတည်ဆောက်ရန် လိုလားနေကြသဖြင့် တိုင်းဒေသကြီးအစိုးရ၏ တာဝန်ပေးမှုဖြင့် နှစ်လမ်းသွားကွန်ကရစ်တံတားကို မြတ်နိုးသူကုမ္ပဏီက တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသစ် တည်ဆောက်ပြီးစီးပါက ပုသိမ်-မုံရွာလမ်းပေါ်တွင် ဖြတ်သန်းသွားလာသော ယာဉ်များအနေဖြင့် တံတားဖြတ်သန်းရာတွင် အချိန်ကုန်ခြင်းမရှိတော့ဘဲ လွယ်ကူစေမည်ဖြစ်ကာ ဆားလင်းကြီး၊ ပုလဲ၊ ယင်းမာပင်နှင့် ဂန့်ဂေါဘက်မှ သွားလာသောယာဉ်များအတွက်လည်း ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စာကြည့်တိုက်လုပ်ငန်းများ တိုးတက်ရေးအတွက်စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

**ဘားအံ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပြန်/ဆက်ဦးစီးဌာနမှ ဆောင်ရွက်လျက်သော မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များရှင်သန်ရေး၊ စာဖတ်သူပြည်သူများအနေဖြင့် စာကြည့်တိုက်မှ စာအုပ်စာပေများ အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍဖြစ်သည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက အမှာစကားပြောကြားပြီး ဘားအံခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဒုတိယဦးစီးမှူး ဦးစောဝင်းဂိတ်က စာကြည့်တိုက်ဆိုင်ရာ ပညာရပ်များအကြောင်းတို့ကို သင်ကြားပို့ချခဲ့ကာ သင်တန်းသို့ ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူး ၃၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**


**နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

၂၀၁၅-၁၆နှစ်အတွက် အထူးဈေးနှုန်း၊ အထူးဝန်ဆောင်မှုအစီအစဉ်သစ်

အသက်သာဆုံးဈေးနှုန်းနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။

(၇)ညအိပ် (၈)ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွားပွင့်၊ဟောစံ) Hotel 2 days ➔ (၉.၅)သိန်း

(၁၂)ရက်ခရီး-သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန(အိန္ဒိယ+နီပေါ) Hotel 4 days ➔(၁၀)သိန်း

(၁၅)ရက်ခရီး-သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန +နယူးဒေလီ၊တပ်ချ်မဟာ Hotel 6 days ➔(၁၁.၅)သိန်း

သီရိလင်္ကာ စွယ်တော်+မူလဗောဓိပင်+ ဘန်ကောက် မြဘုရား (၇)ညအိပ် (၈)ရက်ခရီး ➔ (၁၈)သိန်း စရိတ်ငြိမ်း

စရံငွေ(၂)သိန်းပေးသွင်းပြီးပါက သတ်မှတ်ဈေးနှုန်းပြောင်းလဲ၍ ကောက်ခံခြင်းမရှိပါ။

ဗုဒ္ဓဂယာတွင် ခါတ်လှေကားပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။

ညမောင်းခရီးစဉ်လုံးဝမရှိပါ။ သတ်မှတ်ထားသောဈေးနှုန်းထက်ပို၍ ထပ်မံကောက်ခံခြင်းမရှိပါ။ဗုဒ္ဓဂယာခရီးစဉ်တွင် (၁၂)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။

နိုင်ငံကူးလက်မှတ် သက်တမ်း (၆)လအထက် လက်ဝယ်ရှိသူများ အထက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးနေပါပြီ။ AI နှင့် MAI Air Bus 320 (ရန်ကုန်-ဂယာ-ရန်ကုန်)

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

ထွက်ခွာမည့်ရက်များ: ၁၂ ရက်ခရီးစဉ် (Dec-28), (Jan-11,25), (Feb-8,22), (Mar-7,21),(April-12)
၁၅ ရက်ခရီးစဉ် (Dec-23),(Jan-5,19),(Feb-2,16),(Mar-1,15),(April-5,12),

သီရိလင်္ကာခရီးစဉ်များ- (Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)

အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉

**မြေကွက်များဝယ်လိုသည်**

